ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွနေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့။ Monday, 16 June 2025 ၁၁၈၅၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်ကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန် သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများ ဝိုင်းဝန်းထိန်းသိမ်း

## သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

တစ်သက်လုံးစိတ်ချမ်းသာဖို့ သစ်ပင်စိုက်ကြစို့ — ဆောင်းပါး စာမျက်နှာ » ၆

ငါး/ပုစွန် မွေးမြူရေးအစာတောင့်များ ထုတ်လုပ်ရာ၌ ပြည်တွင်းထွက်ကုန်ကြမ်းများ ပိုမိုအသုံးပြုနိုင်ရေးကြိုးပမ်း — စာမျက်နှာ » ၇

ဓာတုခြင်ဆေးများ၏အန္တရာယ် သိမှတ်ဆင်ခြင်ဖွယ် — ဆောင်းပါး စာမျက်နှာ » ၁၆

သဘာဝဘေးများရင်ဆိုင်နေရသည့် ကမ္ဘာ့နိုင်ငံများ — နိုင်ငံတကာ ဆောင်းပါး စာမျက်နှာ » ၁၉





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တို့မှဆရာဆရာမများ၊ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ်ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်များကို ပြုလုပ်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ကောင်းမွန် မျှတစေရေး၊ တောတောင်ရေမြေကို ထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတ ကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုး ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာကြရန် လိုအပ်ကြောင်း၊ ယင်းကို တိုက်တွန်းနှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံနှင့်တစ်ဝန်း နှစ်စဉ်ကျင်းပကြခြင်းဖြစ်ကြောင်း၊ ယနေ့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၆ မျိုး၊ သစ်ပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိ**

သစ်ပင်သစ်တော များသည် ကမ္ဘာမြေပေါ်တွင်ရှိသည့် သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန် အရေးပါလှကြောင်း၊ သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများအသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးရုံသာမက ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးကြောင်း၊ သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာ ထိန်းသိမ်းရေး စသည့်ဂေဟစနစ် ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ်ပံ့ပိုးပေး လျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကံ့ကော်ပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးစဉ်။

**အကျိုးကျေးဇူးများစွာ ရရှိနိုင်**

သစ်ပင် သစ်တောများသည် ကျေးလက်နေပြည်သူများအတွက် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါး စသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်မျှတ သာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက် ရှိသောကြောင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း။

သစ်တောများသည် ဂေဟစနစ်များအားလုံး ဗဟိုချက်အဖြစ် ထိန်းညှိ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်စေရေး၊ လူသားများနှင့် သက်ရှိများ ရေရှည်တည်တံ့စေရေးနှင့် စိမ်းလန်းသာယာစေရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက သစ်တောစိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက် ရှိကြကြောင်း၊ ကုလသမဂ္ဂ သစ်တောကဏ္ဍဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်အရ ၂၀၀၀ ပြည့်နှစ်တွင်ရှိခဲ့သည့် ကမ္ဘာ့သစ်တောဧရိယာ ဧက ၁၀ ဘီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင် ဧရိယာဧက သန်း ၃၀၀ ခန့် (၃ ရာခိုင်နှုန်းခန့်) ပိုမိုတိုးပွားလာစေရန် ရည်မှန်းချက်ထားပြီး ကုလသမဂ္ဂက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံနှင့် ဒေသတွင်း နိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှု ကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်ကြောင်း၊ နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိနေကြောင်း၊ သို့သော်လည်း မိမိတို့ တာဝန်ယူပြီးနောက်ပိုင်း သစ်ပင်စိုက်ပျိုးမှု၊ သစ်တောများ ပြုပြင်ထိန်းသိမ်းမှုကို အလေးထားကြပ်မတ် ဆောင်ရွက်ခဲ့သည့်အတွက် နှစ်ကာလအလိုက် သစ်တောပြုန်းတီးမှု သိသိသာသာ လျော့နည်း ကျဆင်းခဲ့သည်ကို တွေ့ရှိရကြောင်း။

"ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုရရှိစေရေးအတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းအထိ သစ်တောများ ဖုံးလွှမ်းအောင်" ရည်မှန်းချက်ထားပြီး သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာများနှင့် အဖွဲ့အစည်းများ အားလုံးက အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

**စာမျက်နှာ ၄ သို့ ☆**

- **ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ တောတောင်ရေမြေကိုထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာကြရန်လိုအပ်**
- **"ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှုများ ပိုမိုရရှိစေရေးအတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းအထိ သစ်တောများဖုံးလွှမ်းအောင်" ရည်မှန်းချက်ထားပြီး သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာများနှင့် အဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်**

☆ စာမျက်နှာ ၃ မှ

နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့သကဲ့သို့ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးနှင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာဝပြောရေးတို့ကို အလေးထားဆောင်ရွက်ပေးနေကြောင်း၊ သစ်တော သယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ ဦးစားပေးအစီအစဉ် တစ်ရပ်အနေဖြင့် ရေရှည်စီမံချက်များ ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီအထိ နိုင်ငံတစ်ဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၅၅ သန်းကျော် ဖြန့်ဝေစိုက်ပျိုးပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်တွင် မိမိကိုယ်တိုင်ဦးဆောင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲ ကိုးကြိမ်ပြုလုပ်ခဲ့ပြီး ၃၂၀၉၇၀၃ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရှင်သန်ဖြစ်ထွန်းမှု ၃၀၃၂၉၈၂ ပင် (၉၄ ရာခိုင်နှုန်း) ရှိကြောင်း၊ ဖြန့်ဝေစိုက်ပျိုးခဲ့သည့် သစ်ပင်များသည် သစ်တောနယ်မြေများဖြစ်သည့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ အတွင်း၌ စိုက်ပျိုးခြင်းသာမက သစ်တောနယ်မြေ ပြင်ပနေရာများ၌လည်း ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မိုးရာသီ လူထုလှုပ်ရှားမှု အသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးလိုက်သည့် သစ်ပင်များ ရာနှုန်းပြည့်အောင်မြင်ရှင်သန်ရေးအတွက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ယခုနှစ်မိုးရာသီတွင်လည်း အမြင့် နှစ်ပေအထက်ပျိုးပင် ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံတစ်ဝန်းဖြန့်ဝေပေးထားပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ တည်ထောင်ခြင်း၊ မြစ်ချောင်းများ ဘေးဝဲ/ယာတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ လမ်းမကြီးအသီးသီးနှင့် ရထားလမ်းဘေးဝဲ/ယာ သစ်ပင်စိုက်ပျိုးခြင်း၊ ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် တစ်ရွာ နှစ်ဧကစိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်း၊ ကျေးရွာ ထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးခြင်း၊ ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ခဲ့သည့် နေရာဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းစသည့် အစိမ်းရောင်ဖွံ့ဖြိုးမှု အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

"အိမ်တိုင်းမှာ သစ်ပင်၊ ရွာစဉ်မှာ တောတန်း၊ တစ်တောဝင် တစ်တောဆက်၊ မြို့တက်မယ့် လမ်း" ဆိုသကဲ့သို့ ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာ အသီးသီးမှာ စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသ ရရှိစေရေး ကိုယ်တိုင်အသိစိတ်ဓာတ် အပြည့်အဝဖြင့် သစ်ပင်သစ်တောများကို ထိန်းသိမ်းပြီး တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးသည့် သစ်ပင်သစ်တောများကိုလည်း တစ်ပင်စိုက်လျှင် တစ်ပင် "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း" သွားရန်လည်း လိုအပ်ကြောင်း၊ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် သဘာဝသယံဇာတ အမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်း ထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် အစိမ်းရောင် စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ သဘာဝအရင်းအနှီး သစ်ပင်သစ်တောများ ပိုမိုတိုးပွားလာပြီး ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုနှင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များကို ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ် တားဆီး ကာကွယ်ရေးအတွက် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကံ့ကော်ပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသားကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် သစ်မျိုး ၁၆ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ စိုက်ပျိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိဆည်မြေသားကွဲအက်ရေစိမ့်ထွက် ဖြစ်ပေါ်နေမှုပြုပြင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဥတ္တရသီရိဆည်အတွင်း ရေဝင်ရောက်ရာလမ်းကြောင်းများ၊ တမံပြန်လည်ပြုပြင်ရန်အတွက် ဘူမိဗေဒ တိုင်းတာခြင်းလုပ်ငန်းများ၊ မြေစမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြုပြင်ခြင်းလုပ်ငန်းများမဆောင်ရွက်မီ စစ်ဆေးခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်၊ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည် ခိုင်ခံ့ကောင်းမွန်အောင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့်ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ

❖ နိုင်ငံတော်အနေဖြင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးလျက်ရှိ၊ နိုင်ငံ၏သဘာဝအရင်းအနှီးသစ်ပင်သစ်တောများ ပိုမိုတိုးပွားလာပြီး ပတ်ဝန်းကျင်ရေးရာကာကွယ်စောင့်ရှောက်မှုနှင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးအမြတ်များကို ရရှိစေမည်

❖ နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက် နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန် အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ဘူတာကြီး၏တောင်ဘက်၊ နေပြည်တော်ဘူတာနှင့် ရွာတော်ဘူတာ အကြား ရထားလမ်းဘေး ဝဲ/ယာ နယ်နိမိတ်အတွင်း၌ စိုက်ကွက်နှစ်နေရာတို့၌ ကျင်းပသည်။

**တက်ရောက်**

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ပထမစိုက်ကွက်နေရာ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဦးဆောင်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ရထားလမ်းဘေးတစ်လျှောက်တွင် အရိပ်ရလေကာပင်များ စိုက်ပျိုးကြပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွာတော်ဘူတာသို့ရောက်ရှိပြီး ရွာတော်ဘူတာအနီးရှိ ဒုတိယစိုက်ကွက်နေရာ၌ ဝန်ထမ်းများနှင့်အတူ အရိပ်ရလေကာပင်များ ဆက်လက်စိုက်ပျိုးကြသည်။ ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၅၀၀ တက်ရောက်၍ ကျွန်းပင် ၂၀၀၊ ပိတောက်ပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၅၀ နှင့် မဲဇလီပင် ၁၀၀၀ ပျိုးပင်ပေါင်း ၁၅၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။



နေပြည်တော်၌ ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ ဌာန၊ အဖွဲ့အစည်း အားလုံးကလည်း သက်ဆိုင်ရာ နယ်မြေရုံးများ အလိုက် တစ်ချိန်တည်းတစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဇွန် ၁၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်အမျိုးအစားအလိုက်၊ အခွန်ကဏ္ဍ တစ်ရပ်ချင်းစီအလိုက် အခွန်ပညာပေး ရှင်းလင်းဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ အောင်မင်္ဂလာခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများနှင့် အခွန်ထမ်းလုပ်ငန်းရှင်များ ၁၁၀ တက်ရောက်ကြသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလင်းလင်းက အခွန်နှင့်ပတ်သက်၍ သိရှိရမည့် ကိစ္စရပ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ စသည့် အခွန်ဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ပြီး မိတ္ထီလာမြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နန်းဆိုင်အုံက ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



## ငါန်းဇွန်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ငါန်းဇွန် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် အမှတ်(၁)ရပ်ကွက် ကူနီကွင်းအတွင်း၌ ယနေ့နံနက်ပိုင်းက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

**စိုက်ပျိုး**

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးထောင်ထားရှိသော စိုက်ပျိုးမည့်အပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် အဖွဲ့ဝင်များက မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများထံ ပေးအပ်ခဲ့ပြီး အဆိုပါမိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက မဲဇလီပင်၊ တမာပင်၊ မန်ကျီးပင်၊ ဗာဒံပင်၊ စိန်ပန်းပင်၊ ပိတောက်ပင်၊ သပြေပင်၊ ယူကလစ်ပင်၊ ကုက္ကိုပင်နှင့် ငုရွှေဝါပင် ပျိုးပင်ပေါင်း ၂၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# တစ်သက်လုံးစိတ်ချမ်းသာဖို့ သစ်ပင်စိုက်ကြစို့

ဘုန်းသန့်စင်

### အကျိုးရှိသောအလုပ်

“ဃရာဝါသော ဗဟုကိစ္စော- ကိစ္စမြားမြောင် လူတို့ဘောင်” ဆိုသည့် ဆိုရိုးစကားနှင့်အညီ နိစ္စဓူဝ ကိစ္စအမျိုးမျိုးဖြင့် အချိန်ကုန်နေရသည့် လူ့ဘောင်လောက လူ့ဘဝတွင် လူသားတို့အနေဖြင့် လူသားအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် အချိန်ပေးရမည်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်အပါအဝင် လူ့ဘောင်လောက လူ့ဘဝကို အကျိုးပြုနိုင်မည့် အလုပ်ဟုဆိုလိုက်ပါလျှင် “ပေးဆပ်ခြင်း၊ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်း” စသည့် ကိုယ်ကျိုးကိုဘေးဖယ်ထားပြီး အများအကျိုးကို ဦးတည်ဆောင်ရွက်ရသည့် အလုပ်များကိုသာ ပြေးမြင်မိကြသည်။ ထိုကဲ့သို့သော လူမှုပတ်ဝန်းကျင်တွင် အများအကျိုးကိုဦးတည်သည့် ပရဟိတလုပ်ငန်းများအနက် ကိုယ်ကျိုးကိုလည်းပြည့်ဝစေ၊ အများအကျိုးကိုလည်း ဖြစ်စေသည့် အလုပ်များလည်းရှိတတ်သည်။

လူသားတို့ အသက်ရှင်သန်နေထိုင်ရာ ဤကမ္ဘာမြေပေါ်တွင် လူသားတို့ကို “အေးမြသောအရိပ်အာဝါသကို ပေးစွမ်းနိုင်သကဲ့သို့ နားခိုနေထိုင်ရာ အိုးအိမ်တည်ဆောက်ရာတွင်လည်း အသုံးပြုနိုင်သည့် သစ်ပင်”ဆိုသည့်အရာသည် လူသားတိုင်း လွယ်လင့်တကူစိုက်ပျိုးနိုင်သည့် အရာပင်ဖြစ်သည်။ “သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားနေနိုင်သည်” ဆိုသည့်စကားနှင့်အညီ သစ်ပင်ဆိုသည်မှာ လူတို့အတွက် အရိပ်အာဝါသကို ပေးစွမ်းနိုင်ရုံသာမက ကျေးငှက်သာရကာတို့အတွက် ခိုနားစရာနေရာတစ်ခုဖြစ်သည်။ သစ်ပင်တစ်ပင်၏ ရှင်သန်မှုတွင် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး လူတို့အတွက် မရှိမဖြစ်လိုအပ်သည့် အောက်ဆီဂျင်ကို လေထုအတွင်းသို့ ပြန်လည်ထုတ်လွှတ်ပေးသည်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သဖြင့် လူသားအကျိုးပြုလုပ်ငန်းတစ်ခုပင်ဖြစ်သည်။

### ချစ်တတ်ပါစေ ကမ္ဘာမြေ

မြေကြီးကရှေ့သီးဆိုသကဲ့သို့ ကမ္ဘာမြေကြီးသည် မြေဆီမြေနှစ်မြေဩဇာကောင်းကောင်းဖြင့် သစ်သီးဝလံ သစ်ပင်ပန်းမန်တို့ကို ရှင်သန်ကြီးထွား၍ လူသားတို့အတွက် အစာအာဟာရကို ဖြည့်စွမ်းပေးသည်။ ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ ဆိုသကဲ့သို့ သစ်ပင်တို့ ရှင်သန်ရန်လိုအပ်သည့် မြေဆီမြေဩဇာနှင့် အစာအာဟာရတို့ကို မြေကြီးကပေးသည်။ မိုးရေတိုက်စားခြင်းကဲ့သို့သော မြေဆီလွှာပြုန်းတီးခြင်းကို သစ်ပင်တို့က ကာကွယ်ပေးသည်။ ရာသီဥတုဖောက်ပြန်မှုကိုဖြစ်စေသည့် လေထုအတွင်းက ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူ၍ လူသားအကျိုးပြုဖြစ်စေသည့် အောက်ဆီဂျင်ကို ထုတ်ပေးခြင်းဖြင့် သစ်ပင်တို့က ကမ္ဘာမြေကြီးနှင့် လူသားတို့အကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ပေးသည်။

လေထုညစ်ညမ်းမှုကို ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို လူသားတို့ဘေးထွက်ဆိုးကျိုးဖြစ်စေမည်ဖြစ်သဖြင့် သစ်ပင်တို့က လေထုအတွင်းမှစုပ်ယူပေးကာ လေထုကိုသန့်စင်ပေးသည်။ သန့်ရှင်းလတ်ဆတ်သော လေကိုရှူသွင်း၍ စိတ်ပင်ပန်းခြင်းတို့ကို ဖြေဖျောက်နိုင်ပြီး ရောဂါဘယကင်းစင်၍ လှပသောလူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်ကြမည်ဖြစ်သည်။ သစ်ပင်တို့ကပေးသော အရိပ်ကိုခို၍ အကျိုးကိုစားသုံးကြသည့် လူသားများက “အရိပ်နေနေ အခက်ချိုးချိုး” ဆိုသကဲ့သို့ သစ်ပင်တို့ကို ပျိုးထောင်ခြင်းမပြုဘဲ သဘာဝအလျောက်ပေါက်ရောက်သည့်အပင်များကိုပါ ခုတ်လှဲနေကြမည်ဆိုပါက ကမ္ဘာကြီး၏ သာယာလှပမှုကို ဖျက်ဆီးနေကြသူများသာ ဖြစ်ပေသည်။

သစ်ပင်တို့ကို ခုတ်လှဲရခြင်း အကြောင်းတရားများစွာရှိနေနိုင်သည်။ တောင်ယာစိုက်ခင်းများအတွက် သစ်တောခုတ်ထွင်ရှင်းလင်းခြင်း၊ စားကျက်မြေရှာဖွေခြင်း၊ လူ့အသုံးအဆောင်ပစ္စည်းများပြုလုပ်ရန်အတွက် ခုတ်လှဲရခြင်း၊ နေအိမ်အဆောက်အအုံဆောက်လုပ်ရေးအတွက် ခုတ်လှဲရခြင်း၊ ထင်းအဖြစ် ခုတ်လှဲရခြင်း စသည့်အကြောင်းပြချက်မျိုးစုံသုံး၍ ခုတ်လှဲနေကြသည်။ လူတို့၏ သဘာဝအရ လူသားလိုအင်ဆန္ဒကို ပြည့်ဝကြရန်အတွက် မဖြစ်မနေခုတ်လှဲနေရပါသည်ဟုဆိုပါလျှင် လူသားနှင့် ကမ္ဘာကို အကျိုးပြုသည့် သစ်ပင်များကို ပြုစုပျိုးထောင်၍ ပြန်လည်စိုက်ပျိုးရမည်ဆိုသည့် အသိမျိုး ရှိသင့်ပေသည်။

> သစ်ပင်တစ်ပင်၏ အရိပ်အာဝါသသည် လူတို့၏စိတ်ကို ကြည်လင်အေးမြလန်းဆန်းစေပြီး စိတ်ခံစားချက်များကို လျော့ပါးစေသည်။ စိတ်ပင်ပန်းနွမ်းနယ်သည့်အခါ တောတောင်စိမ့်စမ်းများနှင့် သာယာလှပသည့် တောင်ပေါ်အရပ်ဒေသများသို့ အပန်းဖြေခရီးထွက်တတ်ကြသည်က သက်သေပင်ဖြစ်သည်။ လူ့ဘဝရလာသည့် အခိုက်အတန့်ကာလသည် အလွန်တိုတောင်းလှသည်။ ဘဝပေးအခြေအနေအရ လူမှုပတ်ဝန်းကျင် အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် အခြေအနေမပေးဟုဆိုပါလျှင် ကမ္ဘာမြေပေါ်တွင် သစ်ပင်တစ်ပင်တော့ စိုက်ပျိုးနိုင်မည်သာဖြစ်သည်။ မိမိစိုက်ပျိုးပြုစုပျိုးထောင်သည့် သစ်ပင်လေး စိမ်းလန်းစိုပြည်စွာဖြင့် အခက်အလက်ဝေဆာနေသည်ကိုကြည့်ရင်း ကြည်နူးပီတိဖြစ်ခြင်းအရသာသည် ဘယ်အရာနှင့်မျှမလဲနိုင်

ကမ္ဘာ့ကုလသမဂ္ဂက နှစ်စဉ်ကမ္ဘာပေါ်၌ သစ်တောဟက်တာ ၁၂ သန်းခန့် ခုတ်လှဲခြင်းခံနေရပြီး သစ်တောပြုန်းတီးမှု၊ စိုက်ပျိုးရေးနှင့်အခြားရည်ရွယ်ချက်များဖြင့် သစ်တောခုတ်ထွင်ရှင်းလင်းမှုတို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ လေးပုံတစ်ပုံခန့်ကို ဖြစ်ပေါ်စေသည်ဟု ထုတ်ပြန်ထားသည်။ “လေထုကို သန့်စင်ပေးနိုင်ခြင်း၊ အပူချိန်ကို ထိန်းညှိပေးခြင်း၊ ရာသီဥတုကို မျှတစေခြင်း၊ ရေလွှမ်းမိုးမှုကို ကာကွယ်ပေးနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ရှင်သန်စေခြင်း” စသည့် အကျိုးကျေးဇူးများကို သစ်ပင်များကသာ ပေးစွမ်းနိုင်သဖြင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုဖောက်ပြန်မှုများကို ကာကွယ်နိုင်ရေးအတွက် သစ်တောနှင့်သစ်ပင်များကို ထာဝစဉ်ရှင်သန်တည်ရှိနေရေး ထိန်းသိမ်းကြရမည်ဟု ကမ္ဘာ့ကုလသမဂ္ဂက နိုင်ငံများသို့ တိုက်တွန်းထားသည်။

### ထိန်းသိမ်းကြစို့

၁၉၉၀ ပြည့်နှစ်ဝန်းကျင်ခန့်က ကမ္ဘာပေါ်တွင် သစ်တောဧရိယာ ဟက်တာ ၄ ဒသမ ၂၄ ဘီလီယံခန့် ရှိခဲ့ရာ လက်ရှိအချိန်တွင် ဟက်တာ လေးဘီလီယံကျော်ခန့်သာရှိတော့သဖြင့် သစ်တောဧရိယာ ဟက်တာ ၅၀ မီလီယံခန့် ဆုံးရှုံးခဲ့ရသည်ဟု ပညာရှင်များက ခန့်မှန်းထားသည်။ ရေမြေသဘာဝ သာယာလှပပြီး သစ်တောသယံဇာတများလည်း ပေါကြွယ်ဝသည့် မြန်မာနိုင်ငံတွင် သစ်တောဧရိယာသည် နိုင်ငံဧရိယာ စုစုပေါင်း၏ ၄၂ ဒသမ ၈၂ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ထိုသစ်တောဧရိယာများ ဆုံးရှုံးမှုမရှိစေရေးနှင့် သဘာဝဂေဟစနစ်များ ပျက်စီးယိုယွင်းခြင်းမရှိစေရေးအတွက် နိုင်ငံတော်အစိုးရက အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို တွေ့ရသည်။

နိုင်ငံတော်အနေဖြင့် ရှိရင်းစွဲသစ်တောဧရိယာများ လျော့ပါးသွားခြင်းမရှိအောင် နည်းစနစ်တကျ ထိန်းသိမ်းနေသကဲ့သို့ တစ်ဖက်တွင်လည်း သစ်တောစိုက်ခင်းအသစ်များကို အကောင်အထည်ဖော်ပေးနေသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀ နှစ်စီမံကိန်း (Myanmar Reforestation and Rehabilitation Programme) အရ သစ်တောစိုက်ခင်း ၆၆၈၈၈ ဧက တည်ထောင်သွားရန်နှင့် သဘာဝကျန်သစ်တောဧက ၅၀၀၀၀၀ ခန့်ကိုလည်း ထိန်းသိမ်းကာကွယ်သွားရန် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့က ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သစ်တောများနှင့် ထိစပ်နေသည့်ဝန်းကျင်တွင် ကျင်လည်နေထိုင်ကြသည့် အများပြည်သူတို့အနေဖြင့်လည်း သစ်တောသယံဇာတများ၏တန်ဖိုးကို နားလည်သိရှိကာ ထင်းအစားထိုး အခြားလောင်စာအသုံးပြုခြင်းမှ အစပြု၍ သစ်ပင်ခုတ်လှဲကာ ကိုယ်ကျိုးအတွက် အသုံးပြုခြင်းကို နည်းနိုင်သမျှနည်းအောင် ကြိုးစားကြရပါမည်။

### သစ်တောမူဝါဒ

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဂေဟစနစ်ကို ထိန်းညှိပေးရာတွင် များစွာအရေးပါသည့် သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းမှ အစပြု၍ သစ်တောသယံဇာတများကို အများပြည်သူတို့ တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ သစ်တောမူဝါဒ ၆ ချက်ကိုလည်း ချမှတ်ထားသည်ကိုတွေ့ရသည်-

**(၁) ကာကွယ်ခြင်း** - ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရမည်။

**(၂) ထာဝစဉ်တည်တံ့စေခြင်း** - လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများကိုပါ သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

**(၃) အခြေခံစားဝတ်နေရေး လိုအပ်ချက်များဖြည့်ဆည်းပေးခြင်း** - ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

**(၄) စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း** - သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကိုမထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

**(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း** - သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာ လုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်၊

**(၆) ပြည်သူအတွင်း နိုးကြားထကြွသည့်အသိရှင်သန်နေစေခြင်း** - နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရှင်သန်နေစေရေး စည်းရုံးလှုံ့ဆော်သွားရမည်။

ထိုမူဝါဒနှင့်အညီ ရှိရင်းစွဲသစ်တောဧရိယာများကို လျော့ပါးသွားခြင်းမရှိအောင် ထိန်းသိမ်းပေးနေသကဲ့သို့ ပုဂ္ဂလိကသစ်တောစိုက်ခင်းအသစ်များ မူဝါဒနှင့်အညီ ခွင့်ပြုပေးခြင်းတို့ကို နိုင်ငံတော်အနေဖြင့် အမြော်အမြင်ကြီးစွာ ဆောင်ရွက်နေသည်။ ရာသီဥတု အနည်းငယ်ပူပြင်းခြောက်သွေ့သည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သည့်

စာမျက်နှာ ၇ သို့



# (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ၊ အမှတ်တရကံ့ကော်ပင်စိုက်ပျိုး



နေပြည်တော် ဇွန် ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် သတ္တာသတ္တာဟ မဟာဗောဓိစေတီတော်ရင်ပြင်၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ်အခမ်းအနား ယောဂ သရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်သို့ တက်ရောက်သည်။

ထိုအစီအစဉ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီရုံးမှဝန်ထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူး၏၊ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယသံအမတ်ကြီးနှင့်အတူ သတ္တာသတ္တာဟ မဟာဗောဓိစေတီတော် ရင်ပြင်၌ (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်အား အမှတ်တရဂုဏ်ပြုစိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငါး/ပုစွန် မွေးမြူရေးအစာတောင့်များ ထုတ်လုပ်ရာ၌ ပြည်တွင်းထွက်ကုန်ကြမ်းများ ပိုမိုအသုံးပြုနိုင်ရေးကြိုးပမ်း



နေပြည်တော် ဇွန် ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ထူးသစ်ရေချိုငါး/ပုစွန်အစာတောင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပြည်တွင်းမှထွက်ရှိသည့် ဆန်စပါးဘေးထွက်နှင့် ဆီထွက်သီးနှံဘေးထွက်ပစ္စည်း ၇၀ ရာခိုင်နှုန်း အသုံးပြုထုတ်လုပ်သည့် ၁ ဒသမ ၄ မီလီနှင့် ၁ ဒသမ ၆ မီလီအရွယ် ပုစွန်အစာတောင့်များ၊ ၂ မီလီ၊ ၄ မီလီ၊ ၂ ဒသမ ၅ မီလီ ငါးလေး/ငါးကြီး ရေပေါ်အစာတောင့်များနှင့် ၆ မီလီ ငါးတန်ရေပေါ် ငါးအစာတောင့်များ ထုတ်လုပ်ဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးတိရစ္ဆာန်များ ကျန်းမာသန်စွမ်းရေး၊ ရောဂါဒဏ်ခံနိုင်ရည်ရှိရေး၊ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် အခြေခံကျသည့်အာဟာရပြည့်ဝသည့် မွေးမြူရေးအစာကျွေးမွေးမှု ဆောင်ရွက်နိုင်ကြစေရန် ပြည်တွင်းထွက်ကုန်ကြမ်းများကို အဓိကထား အသုံးပြုထုတ်လုပ်ရေး၊ တိရစ္ဆာန်အစာနှင့် သက်ဆိုင်သော သုတေသနများဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် လှော်ကား အစာစပ်စက်ရုံကို လောရယ်ရီကုမ္ပဏီက ငှားရမ်းလုပ်ကိုင်ရန် ဆောင်ရွက်နေမှုနှင့် အဆောက်အအုံများ၊ အစာတောင့်စက်ရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဟသ်ာတမြို့နယ်၌ အမှိုက်များ စနစ်တကျစွန့်ပစ်ရေး သရုပ်ပြလေ့ကျင့်

ဟသ်ာတ ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ပုံ သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်က မြို့နယ်အတွင်း အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်တတ်စေရန်အတွက် ဈေးများ၊ ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ လူစည်ကားရာနေရာများတွင် ခွဲခြားစွန့်ပစ်စေရေး၊ အမှိုက်ပုံးလေးပုံးထားရှိဆောင်ရွက်ရေးတို့ကို အသိပညာပေးပြောကြားသည်။

အဆိုပါ အမှိုက်ခွဲခြားစွန့်ပစ်ပုံ သရုပ်ပြလေ့ကျင့်ရာနေရာသို့ ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများက လေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



❂ စာမျက်နှာ ၆ မှ

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၃ ခရိုင်ကို အပူပိုင်းဒေသဇုန်အဖြစ်သတ်မှတ်ကာ ထိုဒေသများတွင် သစ်ပင်များရှင်သန်ကြီးထွားလာကာ ရာသီဥတုအေးမြလာစေရေးအတွက် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့က တာဝန်ယူဆောင်ရွက်နေသည်ကို တွေ့ရသည်။ "အပင်ကြီးစိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မ စိုက်ပျိုးခြင်း၊ ကွန်တိုပေါင်စိုက်ပျိုးခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်း၊ သဘာဝတောထိန်းဧရိယာ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း" စသည့် နည်းလမ်းပေါင်းစုံသုံး၍ အပူပိုင်းဒေသကို အစဉ်ထာဝရအေးမြကာ လှပလာစေရေး အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

**မိုးရာသီအလှကို ဖော်ကျူးဖို့ သစ်ပင်စိုက်ကြစို့**

ဝသန်ကာလ မိုးရာသီသို့ ချင်းနင်းဝင်ရောက်ကာ ဇွန်လအတွင်းသို့ရောက်ရှိချိန် မိုးစက်မိုးပေါက်တို့က တဖြိုက်ဖြိုက်ရွာသွန်းလာသည့်ကာလတွင် သစ်ပင်ပျိုးပင်များကို စနစ်တကျ စိုက်ပျိုးကြမည်ဆိုပါက ရာနှုန်းပြည့်ရှင်သန်နိုင်သည့်ကာလပင်ဖြစ်သည်။ ထိုကာလကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို အစိုးရက ဦးဆောင်ဦးရွက်ပြုကာ နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိသည်။ "သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ" ဆိုသည့် စကားနှင့်အညီ ကမ္ဘာမြေထာဝရလှပစေရေး ဆောင်ရွက်ချက်များတွင် သစ်ပင်ပျိုးပင်များ စိုက်ပျိုးခြင်းအလုပ်သည်ကား အခြားသော လူမှုအကျိုးပြုလုပ်ငန်းများထက် အချိန်ကုန် ငွေကုန်သက်သာကာ အကျိုးပိုမိုဖြစ်ထွန်းနိုင်သော အလုပ်ပင်ဖြစ်သည်။

သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီအတွင်း အမြင့် နှစ်ပေနှင့်အထက် ပျိုးပင်ပေါင်း ၂၀ သန်းခန့် စိုက်ပျိုးသွားရန် လျာထားသည်ကိုလည်း တွေ့ရသည်။ မြန်မာ့မြေ စိမ်းလန်းစိုပြည်လာအောင် စွမ်းဆောင်ကြရာတွင် မြန်မာနိုင်ငံသားတစ်ဦးလျှင် ပျိုးပင်တစ်ပင်ကျ စိုက်ပျိုးသွားမည်ဆိုပါက ရာသီဥတုမျှတသည့် မြန်မာနိုင်ငံသည် ယခုထက် ပိုမိုစိမ်းလန်းလှပမည်သာဖြစ်သည်။

သစ်ပင်တစ်ပင်၏ အရိပ်အာဝါသသည် လူတို့၏စိတ်ကို ကြည်လင်အေးမြလန်းဆန်းစေပြီး စိတ်ခံစားချက်များကို လျော့ပါးစေသည်။ စိတ်ပင်ပန်းနွမ်းနယ်သည့်အခါ တောတောင်စိမ့်စမ်းများနှင့် သာယာလှပသည့် တောင်ပေါ်အရပ်ဒေသများသို့ အပန်းဖြေခရီးထွက်တတ်ကြသည်က သက်သေပင်ဖြစ်သည်။ လူ့ဘဝရလာသည့် အခိုက်အတန့်ကာလသည် အလွန်တိုတောင်းလှသည်။ ဘဝပေးအခြေအနေအရ လူမှုပတ်ဝန်းကျင်အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် အခြေအနေမပေးဟုဆိုပါလျှင် ကမ္ဘာမြေပေါ်တွင် သစ်ပင်တစ်ပင်တော့ စိုက်ပျိုးနိုင်မည်သာဖြစ်သည်။ မိမိစိုက်ပျိုးပြုစုပျိုးထောင်သည့် သစ်ပင်လေး စိမ်းလန်းစိုပြည်စွာဖြင့် အခက်အလက်ဝေဆာနေသည်ကိုကြည့်ရင်း ကြည်နူးပီတိဖြစ်ခြင်းအရသာသည် ဘယ်အရာနှင့်မျှမလဲနိုင်ပေ။ "တစ်သက်လုံးစိတ်ချမ်းသာချင်လျှင် သစ်ပင်စိုက်" ဆိုသော ရှေးစကားအရ အနာဂတ်ဘဝများလှပရေး သစ်ပင်စိုက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား –**
- သစ်တောကြေးမုံ၊ သတင်းဂျာနယ်၊ ၂၀၂၅ ခုနှစ် ဇွန်လ၊
- သစ်တောဦးစီးဌာန တင်ပြချက်များ၊ (https://www.forestdepartment.gov.mm/)
- https://www.un.org/ (Causes and Effects of Climate Change)
- နေ့စဉ်ထုတ်သတင်းစာများ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့ ရုပ်ရှင်မြို့တော်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေး




**နေပြည်တော် ဇွန် ၁၅**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဆောင်ရွက်နေသည့် ရုပ်ရှင်မြို့တော်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အနုပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်မှ အမှုဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ရုပ်ရှင်မြို့တော်စီမံကိန်း ဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ပြသပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအတွင်းရေးမှူး ဦးဇော်မြင့်ဦးက ရုပ်ရှင်မြို့တော်စီမံကိန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်မြို့တော်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် တရားဝင် လုပ်ကိုင်ခွင့်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ရုပ်ရှင်မြို့တော်စီမံကိန်းသည် ရုပ်ရှင်လောကသားများအတွက်သာမက နိုင်ငံတော်နှင့် ပြည်သူများအတွက်ပါ အရေးပါသည်ဟု ပြောကြားလိုပါကြောင်း၊ အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အနေဖြင့် အစည်းအရုံး၏ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်နည်းလမ်း၊ နိုင်ငံတော်မှလိုအပ်သည့် ရင်းနှီးမတည်ငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးယူဆောင်ရွက်သည့်နည်းလမ်းနှင့် Public– Private –Partnership နည်းလမ်းဆိုသည့် နည်းလမ်းသုံးခုအနက် သင့်လျော်ရာနည်းလမ်းဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်း အောင်မြင်ပါက ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်သာ ဆောင်ရွက်ကြရမည်ဖြစ်သဖြင့် အနုပညာရှင်များအတွက် များစွာ အဆင်ပြေလွယ်ကူမည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားခဲ့သော ရုပ်ရှင်ပြသခြင်းလုပ်ငန်းများကို ပြန်လည်ရှင်သန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအချိန်တွင် ပုံမှန်အခြေအနေသို့ ရောက်ရှိပြီး ရုပ်ရှင်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုပ်ရှင်နှင့်ပတ်သက်သည့် အခြေခံအဆောက်အအုံများကို ဦးစွာဆောက်လုပ်ရန်နှင့် အခြားအပန်းဖြေလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ခဲ့ပါက မူလရည်ရွယ်ချက်များနှင့် လွဲချော်မှုဖြစ်သွားနိုင်သဖြင့် ဂရုပြုဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယခုစီမံကိန်းလုပ်ငန်း အောင်မြင်စေရေးအတွက် အနုပညာရှင်များအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ရုပ်ရှင်အနုပညာလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံအတွက် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သဖြင့် ရုပ်ရှင်ဇာတ်ကားများ အဆင့်မြင့်စွာရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ရုံများတွင် စနစ်တကျ ပြသနိုင်ရေးအတွက်လည်း မဖြစ်မနေကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဝမ်းမြောက်စကား ပြောကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲက မိုးရာသီရောက်ရှိပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်နိုင်ငံလုံးတွင် ဒေသအလိုက် သင့်လျော်မည့်အပင်များကို စိုက်ပျိုးရမည်ဟု လမ်းညွှန်ထားပါကြောင်း၊ ယခုရုပ်ရှင်မြို့တော် စီမံကိန်းတွင် အပင် ၆၀၀ ခန့် စိုက်ပျိုးမည်ဖြစ်သဖြင့် အင်မတန်ကောင်းမွန်ပါကြောင်း၊ ရုပ်ရှင်အနုပညာရှင်များအနေဖြင့် နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်၌ ပြည်သူလူထုအတွက် တတ်နိုင်သမျှဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့ရသဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌက ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်က ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တက်ရောက်လာသည့် အနုပညာရှင်များ၊ ဝန်ထမ်းများနှင့်အတူ သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်




**မုံရွာ ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ပြည်ထောင်စုဈေးကြီးအနီးပြည်ထောင်စုလမ်းမကြီးဘေးတွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က မည်စည်ပျိုးပင်ကို စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ ဒီဂရီကောလိပ်များမှ ကျောင်းသားကျောင်းသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များ တပျော်တပါး စိုက်ပျိုးနေမှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် မုံရွာမြို့ ပြည်ထောင်စုလမ်းကြီးနှင့် မီးရထားသံလမ်းတစ်လျှောက် ဘိုးဘွားရိပ်သာအဝိုင်းမှ ကျွဲရဲအောင်မင်္ဂလာအဝိုင်းအထိ နှစ်ပေနှင့်အထက် နှစ်နှစ်သားအရွယ်ရှိ သစ်မျိုး ၁၄ မျိုး စုစုပေါင်းပျိုးပင် ၁၇၀၀ စိုက်ပျိုးခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇွန် ၁၃ ရက် နံနက်ပိုင်းက မုံရွာမြို့ပြည်ထောင်စုဈေးကြီး၌ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကျင်းပသည့် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်တွင် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချပေးနိုင်ခြင်းအပြင် သက်ရှိသတ္တဝါများအတွက် အစာကွင်းဆက်ကောင်းမွန်စေခြင်း အကျိုးကျေးဇူးများ ရရှိနိုင်ရေးအတွက် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်း ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသပွဲသို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဈေးကြီးအတွင်းရှိဈေးရောင်း/ဈေးဝယ်များအား အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# တမူးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တမူး ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက စော်ဘွား(၁၁)ရပ်ကွက် ဝန်ထမ်းအိမ်ရာအနီး၌ ကျင်းပသည်။

ဦးစွာ တမူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသိုက်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး ဇော်မင်း၊ ခရိုင်သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းကျော်စိုးတို့က ပျိုးပင်များ ပေးအပ်ရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ မျောက်ငိုပင် စသည့် ပျိုးပင်စုစုပေါင်း ၆၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် ပုလဲရတု နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ





နေပြည်တော် ဇွန် ၁၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀) ပြည့် ပုလဲရတု နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**နှစ်ပေါင်း(၃၀) ပြည့်မြောက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံ လွတ်လပ်ရေး မရခင်ကပင် နိုင်ငံ့ သမိုင်းကြောင်းနှင့်ယှဉ်၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ၊ နိုင်ငံသားမှတ်ပုံတင်ရေးဆိုင်ရာနှင့် သန်းခေါင်စာရင်းဆိုင်ရာ ဌာနများကို အမျိုးမျိုး ပြောင်းလဲဖွဲ့စည်းခဲ့ရာမှ ၁၉၉၅ ခုနှစ် ဇွန် ၁၅ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအဖြစ် သတ်မှတ် ဖွဲ့စည်းခဲ့ခြင်းကြောင့် ယင်းနေ့ကို မိမိတို့ဝန်ကြီးဌာန၏ မွေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် မိမိတို့ဝန်ကြီးဌာနသည် နှစ်ပေါင်း (၃၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ယခုအခါ ဝန်ကြီးရုံးနှင့် ဦးစီးဌာန လေးခု၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ဦးစီးမှူးရုံးများနှင့် သင်တန်းကျောင်း စသည်ဖြင့် ဖွဲ့စည်း၍ ဌာန၏အဓိက လုပ်ငန်းတာဝန်ကြီး (၄)ရပ်ချမှတ်ကာ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု နှစ်ပတ်လည်နေ့ကို ဂုဏ်ယူစွာကျင်းပရခြင်းဖြစ်သည့်အတွက် ပုလဲရတု နှစ်ပတ်လည်နေ့မှသည် ရတုအဆက်ဆက် ရှင်သန်ဖြတ်သန်းနိုင်သည့် ဌာနအဖြစ် ရပ်တည်နိုင်ရေး ဝန်ထမ်းအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ် ရရှိကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ဝန်ကြီးဌာန စွမ်းဆောင်ရည်ဆု(ပထမအဆင့်)၊ (ဒုတိယအဆင့်)၊ (တတိယအဆင့်)ရရှိကြသည့် အရာထမ်း၊ အမှုထမ်းများအတွက် ကိုယ်စားလှယ်များကို ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အရာထမ်းလောင်းသင်တန်းအမှတ်စဉ်(၁၂)တွင် သင်တန်းသား သင်တန်းသူ စံပြဆုရရှိသူနှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄ - ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် စံပြထူးချွန်ဆုရရှိခဲ့ကြသည့် လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး ဦးသော်ဦးကောင်း၊ ဦးပြည့်ဖြိုးဟိန်းနှင့်ဒေါ်ချယ်ရီအောင်တို့ သုံးဦးအား ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်တို့က တစ်ဆင့်မြင့်ရာထူးဖြစ်သည့် ဒုတိယ လူဝင်မှုကြီးကြပ်ရေးမှူး အဆင့်များကို အပ်နှင်းတပ်ဆင်ပေး၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများ၌ ထူးချွန်ဆုရရှိကြသူများကို အမြဲတမ်းအတွင်းဝန် ဦးမင်းဟိန်းက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများနှင့် ကျောင်းသုံးစာရေးကိရိယာများကို အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် ကိုယ်စားလှယ်ကျောင်းသား ကျောင်းသူများထံ ပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ထမ်းများကို ကံစမ်းမဲဖောက်ပေးပြီး တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်



## ရေးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နံပါတ်ထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်

ရေး ဇွန် ၁၅

မွန်ပြည်နယ် ရေးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ UID (Unique Identification Number) နံပါတ်ထုတ်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဇီးဖြူသောင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမှုကို ရေးမြို့နယ် တပ်နယ်မှူးဗိုလ်မှူးကြီး ကောင်းဇော်မြင့်၊ ရေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း၊ အီလက်ထရောနစ်နည်းပညာဖြင့် ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရည်သန့်က ပြည်သူလူထု လူမှုဘဝမြင့်တင်ရေးတို့အတွက် e-ID စနစ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား နှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထိုသို့ ဆောင်ရွက်ပေးခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ကျေးရွာပြည်သူ ၁၀၀ ကျော်တို့၏ လက်ဝယ်အရောက် နေ့ချင်းပြီးပေးအပ်နိုင်ခဲ့ကာ ကျန်ရှိသည့် ကျေးရွာပြည်သူများကို ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

## တိုက်ကြီးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်



တိုက်ကြီး ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီးတိုက်ကြီးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းကို ယနေ့နံနက် ၉ နာရီက ရှမ်းစုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တိုက်ကြီးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေ ဦးဆောင်၍ လဝကမှူး ဦးဇော်ဝင်းမောင်နှင့် ဝန်ထမ်းများက ရှမ်းစုရပ်ကွက်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသော ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့ပြီး ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## လက်ပံတန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

လက်ပံတန်း ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် e-IDဆာဗာအတွင်းရှိ အသက် ၁၆ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား လုံးဝမပြုလုပ်ရသေးသူများအား လက်ထောက်မြို့နယ်ဦးစီးမှူးဦးဇော်သန်းကကြီးကြပ်၍ ဒုလဝကမှူး ဒေါ်သန်းညွန့် ခေါင်းဆောင်သောအဖွဲ့မှ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု အိမ်ထောင်စု ၃၇၅ စုအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မုဒုံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ

မုဒုံ ဇွန် ၁၅

မွန်ပြည်နယ် မုဒုံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်း၊ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့က ကွမ်တာကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဆန်းဦးနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်(၃)အရ ကွင်းဆင်းဆောင်ရွက်ပေးထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူများအား ထုတ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူကာ UID ကတ်များထုတ်ပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံပြီး အားကစားကွင်း၊ အားကစားရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၅**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိစေရေး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲသို့စနစ်တကျ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ အောင်မြင်မှုဆုတံဆိပ်များ ရရှိနိုင်ရေး၊ ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် အုပ်ချုပ်မှုဆိုင်ရာများ၊ ထည့်သွင်းကျင်းပမည့် အားကစားနည်းများ၊ ပြိုင်ပွဲများကျင်းပပြုလုပ်မည့် အားကစားကွင်း၊ အားကစားရုံကိစ္စရပ်များ၊ By Name ပေးပို့နိုင်ရေးကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပနိုင်ရေး၊ (၃၄)ကြိမ်မြောက်နှင့် (၃၅)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသို့ ဆက်လက်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူးများက စနစ်တကျ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်မှုရရှိရေး ဆောင်ရွက်ရန်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသော မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်နေမှု၊ သွားရောက်ယှဉ်ပြိုင်မည့် Event အမျိုးအစားများ၊ အားကစားသမားအရေအတွက်၊ လေ့ကျင့်ရေးနှင့် ပြိုင်ပွဲသုံး အားကစားပစ္စည်းများရရှိမှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်ချက်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ အာခီဒို(Akido) အားကစားသမားများ သရုပ်ပြသကစားနေမှုကို လည်းကောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ သေနတ်ပစ်ကွင်းပတ်လမ်း၊ (၁၄)ခန်းတွဲအိပ်ဆောင်နှင့် အားကစားသမားအိပ်ဆောင်များကို လည်းကောင်း၊ အားကစားနည်း၊ အားကစားပြိုင်ပွဲအလိုက် စခန်းဝင်လေ့ကျင့်နေသော ပဏ္ဏာမလက်ရွေးစင် အားကစားသမားများ လေ့ကျင့်ပစ်ခတ်နေမှုကို လည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံကွင်းအတွင်းရှိ Squash အားကစားရုံ၌ Squash အားကစားနည်း သရုပ်ပြသကစားမှုကို လည်းကောင်း၊ မြန်မာနိုင်ငံ Teqball အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ ပြင်ဆင်ဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မိုးညိုမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မိုးညို ဇွန် ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုးညိုမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၄ ရက်တွင် ရေကင်းကျေးရွာအုပ်စုသို့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုးညိုမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးချစ်ကိုကို၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးမှူး ဦးဂမ်မော်ဦးဆောင်သော ဝန်ထမ်းလေးဦးမှ ရေးကင်းကျေးရွာအုပ်စု ရေကင်းကျေးရွာနေ e-ID Sever အတွင်းရှိ အသက် ၁၆ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား လုံးဝမပြုလုပ်ရသေးသူများအား ဆောင်ရွက်ပေးခဲ့ပြီး ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

---

## တာချီလိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပ

**တာချီလိတ် ဇွန် ၁၅**

တာချီလိတ်မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက်ပိုင်းက မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝှေလေလန်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ ခရိုင်ဦးစီးမှူး ဦးမင်းနိုင်ဦးက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ဦးစီးမှူး ဦးအောင်မျိုး၊ ခရိုင်ဦးစီးမှူး ဦးမင်းနိုင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် တာဝန်ရှိသူတို့က ပန်းခင်းစီမံချက်(၃)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၉၇ ကတ်ကို ပြည်သူတစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

---

## မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၁၅**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း ယနေ့ ညနေမှ ဇွန် ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ







ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါစသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ချမ်းမြသာစည်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ချမ်းမြသာစည်မြို့နယ် အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၂)ရပ်ကွက်၊ မြို့သစ်အမှတ်(၃) ရပ်ကွက်၊ မြို့သစ်အမှတ်(၄)ရပ်ကွက်နှင့် အောင်ပင်လယ်ရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ မေးခွန်းနှင့် အဖြေလွှာများ ထိန်းသိမ်းထားရှိမှု၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်၊ (ဈ)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်နှင့် တမ္ပဝတီရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာဖြေဌာနများ၌ စာမေးပွဲဖြေဆိုရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲကြီးကြပ်ရေးရုံးများတွင် မေးခွန်း/အဖြေလွှာစသည့် စာရွက်စာတမ်းများအတွက် စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြည်မြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ရေကြည် ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ပြည်သူများ စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရန်အတွက် ဆန်နှင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခြင်းကို ယမန်နေ့နံနက် ၈ နာရီက ရေကြည်မြို့မဈေးရှေ့တွင် ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါအခြေခံစားသောက်ကုန်များ ရောင်းချခြင်းကို ရေကြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆန်တစ်ပြည်လျှင် ငွေကျပ်၂၀၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၅၀၊ ဘဲဥတစ်လုံးလျှင် ငွေကျပ် ၄၅၀၊ ဆီ ၅၀ ကျပ်သားတစ်ဘူးလျှင် ငွေကျပ် ၃၅၀၀ တို့ကို အိမ်ထောင်စု ပေါင်း ၁၅၀ အား သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများပူးပေါင်း၍ ဈေးရောင်း/ဈေးဝယ်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# သန်လျင်မြို့နယ်လျှပ်စစ် မန်နေဂျာရုံးနှင့် ဓာတ်အားခွဲရုံတို့အား ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၁၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့်တာဝန်ရှိသူများသည် ယမန်နေ့က သန်လျင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ၃၃ ကေဗွီ မြို့မ ဓာတ်အားခွဲရုံ၊ ဘုရားကုန်းဓာတ်အားခွဲရုံတို့မှ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သန်လျင်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိစဉ် ဓာတ်အားခကြွေးကျန် အခြေအနေများ၊ ဓာတ်အားခွဲရုံတစ်ခုချင်းအလိုက်နှင့်ဖီဒါအလိုက်၊ ဓာတ်အားပျောက်ဆုံးမှုအခြေအနေများ၊ ဓာတ်အားခကြွေးကျန်အခြေအနေများ၊ ဓာတ်အားခကောက်ခံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ၃၃ ကေဗွီမြို့မဓာတ်အားခွဲရုံနှင့်ဘုရားကုန်းဓာတ်အားခွဲရုံသို့သွားရောက်၍ ဓာတ်အားခွဲရုံအတွင်း/အပြင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှု၊ ခွဲရုံကြံ့ခိုင်ကောင်းမွန်မှုရှိစေရေးဆောင်ရွက်ထားမှုအခြေအနေများ၊ ဖီဒါအလိုက်ဓာတ်အားဖြန့်ဖြူးထားမှု၊ မီတာလက်ခံယူနစ်ဖတ်ရှုထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင် (YESC)**

# တောင်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေး ကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ဥက္ကလာပမြို့နယ်အခွန်ဦးစီးဌာနမှုလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသဇင်ဟန် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြေစာတံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ




ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# အစ္စရေး- အီရန်အရေး တူကီယဲနှင့် အမေရိကန်ဆွေးနွေး



အန်ကာရာ ဇွန် ၁၅

တူကီယဲသမ္မတ အာဒိုဂန်သည် ယမန်နေ့က အမေရိကန်သမ္မတထရမ့်နှင့် အစ္စရေး- အီရန် အရေး အပြင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို ဖုန်းဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း တူကီယဲ သမ္မတရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေးနှင့် အီရန်အကြား လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခအား နျူကလီးယားဆွေးနွေးပွဲတွင် ထည့်သွင်းညှိနှိုင်းအဖြေရှာသင့်သည်ဟု ယူဆကြောင်း အာဒိုဂန်ကပြောကြားသည်။

သံတမန်နည်းလမ်းဖြင့်သာ တင်းမာမှုများကို လျှော့ချနိုင်မည်ဟု ယုံကြည်ကြောင်းလည်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

တူကီယဲအနေဖြင့် နှစ်ဖက်အကြား တင်းမာမှုများကို လျှော့ချနိုင်စေရေးအတွက် တတ်စွမ်းသမျှ အကူအညီပေးအပ်မည်ဟု ၎င်းကပြောကြားသည်။

ခေါင်းဆောင်နှစ်ဦး၏ဆွေးနွေးမှုသည် ဒေသတွင်း ပဋိပက္ခများအရှိန်မြင့်တက်နေချိန်တွင် ပြုလုပ်ခြင်းဖြစ်သည်။ ဇွန် ၁၃ ရက်မှစတင်၍ အီရန်နှင့် အစ္စရေးအကြား အပြန်အလှန်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဝါရှင်တန်မြို့တော်၌ စစ်ရေးပြချီတက်ပွဲအခမ်းအနား ကျင်းပ

ဝါရှင်တန် ဇွန် ၁၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့သည် ဝါရှင်တန်မြို့တော်၌ စစ်ရေးပြချီတက်ပွဲ အခမ်းအနားတစ်ရပ်ကို ယမန်နေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါအခမ်းအနား ကျင်းပခြင်းသည် သမ္မတထရမ့်၏ ၇၉ နှစ်မြောက် မွေးနေ့နှင့် တိုက်ဆိုင်နေပြီး အမေရိကန်တစ်ဝန်းရှိပြည်သူများက ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ယခုကျင်းပသည့် စစ်ရေးပြ အခမ်းအနားသည် သမ္မတ လင်ကွန်းဂူဗိမာန်အနီးမှ အိမ်ဖြူတော်၏ ဘေးဘက်ခြမ်းရှိ လမ်းကြောင်းအတိုင်း ချီတက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် မကြာမီအချိန်တွင် ယခင်ကထက် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သူ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

စစ်ရေးပြ အခမ်းအနားတွင် စစ်သည် ၆၇၀၀ ခန့်ပါဝင်ပြသပြီး တင့်ကားများအပါအဝင် စစ်ကားအစီးရေ ၁၅၀ ခန့်နှင့် Blackhawk ရဟတ်ယာဉ်များအပါအဝင် လေယာဉ်အစီးရေ ၅၀ ခန့် ပါဝင်ပြသခဲ့ကြောင်း အမေရိကန်တပ်မတော်က ပြောကြားသည်။ အဆိုပါ စစ်ရေးပြအခမ်းအနားအတွက် အမေရိကန်ဒေါ်လာ ၄၅ သန်းခန့် ကုန်ကျမည်ဟု အမေရိကန်တပ်မတော်က ခန့်မှန်းပြောကြားသည်။

ယခုစစ်ရေးပြပွဲအခမ်းအနားသည် ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲအပြီး သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်လက်ထက်တွင် ကျင်းပခဲ့သည့် စစ်ရေးပြပွဲအခမ်းအနားပြီးနောက် ဝါရှင်တန်မြို့တော်၌ အခမ်းအနားဆုံးသော ပထမဆုံး စစ်ရေးပြ ချီတက်ပွဲဖြစ်ကြောင်း အမေရိကန် မီဒီယာများက ပြောသည်။

စစ်ရေးပြပွဲ အခမ်းအနားကျင်းပလျက်ရှိစဉ် နိုင်ငံတစ်ဝန်း၌ ပြည်သူများက သမ္မတထရမ့်အား ဆန့်ကျင်ကြောင်း စာသားများပါရှိသည့် လက်ကိုင်ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ နေရာပေါင်း ၂၁၀၀ ကျော်တွင် ဆန္ဒထုတ်ဖော်လျက်ရှိကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်သူ အနည်းဆုံး ပြည်သူ ငါးသန်းပါဝင်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အဲအိန္ဒိယလေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် အဆင့်မြင့်ကော်မတီတစ်ရပ်ဖွဲ့စည်း

နယူးဒေလီ ဇွန် ၁၅

အိန္ဒိယအစိုးရသည် အဲအိန္ဒိယလေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် အဆင့်မြင့်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားကြောင်း သိရသည်။

အဆိုပါလေယာဉ်ပျက်ကျမှုကြောင့် မြေပြင်တွင်သေဆုံးသူအပါအဝင် လူပေါင်း ၂၇၀ ကျော် သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

ဂူဂျာရတ်ပြည်နယ် အာမက်ဒါဘီမြို့မှ လန်ဒန်ဂတ်ဝစ်လေဆိပ်သို့ ထွက်ခွာမည့် ခရီးသည်ပေါင်း ၂၄၂ ဦး တင်ဆောင်ခဲ့သည့် လေယာဉ်သည် ဇွန် ၁၂ ရက်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အစိုးရက လေကြောင်းအာဏာပိုင်များ၏ စုံစမ်းစစ်ဆေးမှုမှ သီးခြားကင်းလွတ်သည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းကြောင်း ယမန်နေ့တွင် ကြေညာသည်။

အဆိုပါ ကော်မတီတွင် အစိုးရအဖွဲ့နှင့် တပ်မတော်မှ တာဝန်ရှိသူများ ပါဝင်သည်။ အဆိုပါ ကော်မတီသည် ဇွန် ၁၆ ရက်တွင် ၎င်း၏ ပထမဆုံးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပြီး သုံးလအတွင်း အစီရင်ခံစာတင်သွင်းရန် စီစဉ်ထားကြောင်း သိရသည်။

လေယာဉ်သည် ဆေးကောလိပ်အိပ်ဆောင်ကို တိုက်မိခဲ့သည်။ လေယာဉ်ပျက်ကျချိန်တွင် ကျောင်းသားအများအပြားသည် ကော်ဖီဆိုင်တွင် နေ့လယ်စာစားနေကြသည်ဟု ဒေသခံဆေးဘက်ဆိုင်ရာဝန်ထမ်းများက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။ ၎င်းတို့၏ မိသားစုဝင်များက ထိခိုက်ဒဏ်ရာရရှိသူများအား စိုးရိမ်နေကြကြောင်း သိရသည်။

လေယာဉ်ပေါ်တွင်လိုက်ပါလာသူ ၂၄၂ ဦးအနက် တစ်ဦးသာ အသက်ရှင်ကျန်ရစ်ကြောင်း အတည်ပြုခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်တွင် ရဟတ်ယာဉ်ပျက်ကျ၊ ခုနစ်ဦးသေဆုံး

နယူးဒေလီ ဇွန် ၁၅

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်တန်းဒေသ ဥတ္တရာခန်းပြည်နယ်တွင်ဇွန်၁၅ရက်က ပုဂ္ဂလိကလုပ်ငန်းပိုင်ရဟတ်ယာဉ်တစ်စီးပျက်ကျခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူများမှာ အမျိုးသားလေးဦး၊ လေယာဉ်မှူးနှင့် ကလေးနှစ်ဦးတို့ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပုဂ္ဂလိကကုမ္ပဏီ အာရမ်လေကြောင်းမှပိုင်ဆိုင်သည့် ၎င်းရဟတ်ယာဉ်သည် ဟိန္ဒူဘာသာရေးပွဲတော်ကျင်းပရာ ကီဒါနက်မှ ဂူကာရှိဒေသသို့ ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်၏ အပျက်အစီးများကြားမှ မီးခိုးများထွက်လာသည်ကို မှတ်တမ်းတင်မီဒီယိုများတွင် တွေ့ရှိရသည်။

ပဏာမစုံစမ်းစစ်ဆေးမှုများအရ ယခုဖြစ်ရပ်တွင် အသက်ရှင်ကျန်ရစ်သူမရှိကြောင်း တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဗီနေး ရှန်ကာပန်ဒေးက ပြောကြားသည်။ လက်ရှိအချိန်တွင် အမျိုးသားသဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးတပ်ဖွဲ့နှင့် ပြည်နယ်သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးတပ်ဖွဲ့ကို အခင်းဖြစ်နေရာတွင် တာဝန်ချထားကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တူကီယဲနိုင်ငံအလယ်ပိုင်း၌ မီးပုံးပျံတစ်လုံး ပျက်ကျ၊ တစ်ဦးသေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရ

အန်ကာရာ ဇွန် ၁၅



တူကီယဲနိုင်ငံ အလယ်ပိုင်း၌ မီးပုံးပျံတစ်လုံး ပျက်ကျခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရသတင်းဌာနတစ်ခုမှ သတင်းဖော်ပြသည်။

အာဆာရေပြည်နယ် ဂူဇီလာယွတ်ခရိုင်ရှိ အီလာရာတောင်ကြားမှ ပျံသန်းလာသည့် မီးပုံးပျံသည် ဂေါ်ဇ်လုကိုယူရေါ်ယာအနီးတွင် ပျက်ကျခဲ့ကြောင်း သိရသည်။ ပျက်ကျခဲ့ရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

မီးပုံးပျံသည် ခက်ခက်ခဲခဲ ဆင်းသက်ခဲ့ရာ မီးပုံးပျံမောင်းသူ သေဆုံးပြီး ခရီးသွား ၁၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဆာရေပြည်နယ် အုပ်ချုပ်ရေးမှူး မီမတ်အာလီ ကွမ်ဘူဇွာ လူက ပြောကြားသည်။

မီးပုံးပျံမောင်းသူ၏ ခြေထောက်သည် ကြိုးနှင့်ချိတ်မိပြီး ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ခရီးသည်များသည် ထိခိုက်ဒဏ်ရာရရှိသော်လည်း စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် ၎င်းတို့အား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုများ ပေးလျက်ရှိကြောင်း ၎င်းက ပြောသည်။

အဆိုပါ ခရီးသည်များသည် အင်ဒိုနီးရှားနိုင်ငံသားများ ဖြစ်ကြောင်း သိရသည်။

မီးပုံးပျံ ပျက်ကျရသည့် အကြောင်းရင်းကို အတည်မပြုနိုင်သေးဘဲ ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။

မီးပုံးပျံများသည် ဒေသတွင်း ခရီးသွားလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် လည်ပတ်လျက်ရှိသည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရန်ကြီးအောင်လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၅၀၀၀၀ ကို



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟန်မြင့်မိုရ် – ရွာငံလမ်း ဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၀၇၉၅၂၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မုံရွာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၉၅၅၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၂ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၄၉ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၂၄၀၄၅၅၂၀) ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၄ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Than Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၊ င/ရမ ကျေးရွာနေ သန်းထွန်းအား ည ၆ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ “Khine Phyo Khant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မင်းပြားမြို့နယ် မင်းဖူးကျေးရွာနေ ခိုင်ဖြိုးခန့် (ခ) အငိုသန်အား ည ၇ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၆-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တေဇျဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ နိုင်ငံတော်မှအလေးထားဆောင်ရွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်
- ၀၉:၃၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၂၀ ဘဝနှင့်အနုပညာ "စကားပြောတဲ့စကားလုံးများကို ပုံကိုင်သူအကယ်ဒမီဖြိုးမင်း" (အပိုင်း–၁)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) 'မုသားနောက်ကွယ်' (အပိုင်း–၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**လေနှင်ရာခရီး**' (အပိုင်း–၄၅)
- ၁၄:၄၅ မျိုးဝှက်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၁၅ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၆:၄၀ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**တော်ဝင်စားဖွဲ**' (အပိုင်း–၂၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ မြန်မာ–တရုတ်နှစ်နိုင်ငံချစ်ကြည်ရေး(၇၅)နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ် The Great Wall"**သမိုင်းဝင်ယဉ်ကျေးမှု**" (အပိုင်း–၄)
- ၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**လှုပ်ရှမ်းကောင်းများခေတ်**' (အပိုင်း–၁၇)

### mitv

- 07:01 Evergreen Classic: An Da Yel Kin (Htar)
- 07:09 Mt. Cable Garden
- 07:28 Swiftlet Birds (Aerodramus Fuciphagus) (Part-I)
- 07:49 Listening Pleasure, Instrumental Music (Mandolin) Htan, Tra, Tay, Shin
- 08:01 News
- 08:26 Asia Updates; The 'central air conditioner' of China
- 08:33 Sri Ksetra, Field of Fortune & Glory (Part-1)
- 08:52 Chaung Tha Souvenir Business
- 09:01 His Life and His Art;
- 09:38 Daingnak Style
- 09:51 THE WUSHU ATHLETE
- 10:01 News
- 10:26 Topical Topics; Coast and Blue Economy

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (ကယား)
- ၀၇:၀၀ မြန်မာသံစဉ်တေးများ
- ၀၇:၂၅ မြန်မာဇာတ်လမ်းတွဲ '**အငေ့တန်ဖိုး**' (အပိုင်း–၁၀) (ဇာတ်သိမ်းပိုင်း)
- ၀၇:၅၅ '**စိန်ရတုမြန်မာ – တရုတ်ချစ်ကြည်ရေး**' တေးဂီတဖျော်ဖြေပွဲ
- ၀၉:၁၅ ကာတွန်း '**ဗိုးကောင်ကြီးဉာဏ်စွန့်စားခန်း**' (အပိုင်း–၂၀)
- ၀၉:၄၀ ဝတီရီယိုတေးများ
- ၁၀:၀၀ မြန်မာရုပ်ရှင်(ဖြူမည်း) '**ငွေလီဝေလင်း**'

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သဘာဝဆန်ဆန်အလှရှိရာ ခူးပရာတောင် ရွှေတောင်တန်းဆီသို့

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
မြောင်းမြမုန့်ဟင်းခါး ချက်စားရအောင်

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သုတေသနပြုခြင်းမှသည်ထွက်နှန်းစံမှီမြန်မာ့စပါးကို

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖွဲ့ကပင်မြေမှုဖွံ့ဖြိုးတိုးတက်မှုများ (အပိုင်း–၃)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ (အပိုင်း–၃)

**ချင်း (ဆိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဆေးပက်ဝင်သခွတ်ပွင့်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အသီးအဒေါ်အဝေါ်)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မျိုးဝှက်တင့်စေယဉ်ကျေးမှုအမွေ (အပိုင်း–၃)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကျိုင်းတုံ–မိုင်းပျဉ်ကြားကရှုမငြီးတဲ့လမ်းခရီး

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
'ဝ' ရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲကချစ်စရာရှိုးရာအိမ်ကလေး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးရှားစုံလင်အာရှစိဗိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၈:၄၅ "စူးစမ်းရှာဖွေ နည်းပညာအမွေ" (အပိုင်း–၉)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**ရုရှားနိုင်ငံ**'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ငပ့ငပ့ငွေးချယ်မှု**'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**စစ်မှုထမ်းဥပဒေကျင့်သုံးသေးတဲ့နိုင်ငံများအကြောင်း**'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း '**အင်ဒိုနီးရှားနိုင်ငံ**'
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၈၀)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့ တစ်နှစ်သုံးသီးစိုက်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ A Bite of China
- ၁၈:၄၅ License to Farm
- ၂၀:၀၀ **ငဒင်ရွာကလူပျိုညှ** (ဇာတ်လမ်း)
- ၂၂:၀၀ Kikujiro (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Sports Info
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ FIFA MFF U-19 Youth League (Replay) (Futsal Chit Thu Vs Shwe Pyi Thar United)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# PDF အမည်ခံအကြမ်းဖက်သမားများက ညောင်ဦးမြို့နယ် ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့အား သတ်ဖြတ် ပခုက္ကူမြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာမတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်



ဦးဇော်လတ် (သေဆုံး)



ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်း(သေဆုံး)

နေပြည်တော် ဇွန် ၁၅

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များသည် အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများဆုံးရှုံးပြီး ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၈ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကုန်းဘုရား (ညောင်ပင်ကန်) ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်း(၄၂)နှစ်သည် ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်း၌ ခင်ပွန်းဖြစ်သူ ဦးဇော်လတ် (၄၅)နှစ်၊ ညီမဖြစ်သူ မရွှေရည်ဝင်း (၁၉)နှစ်တို့နှင့်အတူ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား ခုနစ်ဦးက ဆိုင်ကယ်လေးစီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့်အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်းနှင့် ဦးဇော်လတ်တို့ နှစ်ဦးအား ဝန်ထမ်း လိုင်းခန်းအတွင်းမှ ဆွဲခေါ်ကာ လိုင်းခန်းရှေ့ မြေကွက်လပ်၌ ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူမကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၁၇)အခြေခံပညာ မူလတန်းလွန်ကျောင်းမှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ဇင်မီလှိုင်(၂၈)နှစ်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် ဇွန် ၁၄ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမား ငါးဦးက သေနတ်များ ကိုင်ဆောင်ကာ ဆိုင်ကယ်ငါးစီးဖြင့် ရောက်ရှိလာပြီး ဒေါ်ဇင်မီလှိုင်အား လက်နောက်ပြန် ကြိုးတုပ်၍ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ နိုင်ငံ့ဝန်ထမ်းကောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့အား ရက်စက်စွာသတ်ဖြတ်ခဲ့သူများနှင့် ကျောင်းဆရာမတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားသည့် PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသားများ၏ မိဘများအား ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်

နေပြည်တော် ဇွန် ၁၅

လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များသည် နိုင်ငံ့မျိုးဆက်သစ် ကလေးငယ်များ၏ ပညာရေးတိုးတက်မြင့်မားစေရန် အခြေခံပညာ စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများကို လုယက်ယူဆောင်ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား ခြိမ်းခြောက်စာများပေးပို့ခြင်း၊ ခြိမ်းခြောက်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၄ ရက် နံနက် ၉ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၁)ရပ်ကွက် သီရိမင်္ဂလာရပ်၌ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုရန် ရောက်ရှိတည်းခိုနေသည့် ညောင်ဦးမြို့နယ် ကုလားတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူ ကိုးဦးအနက် မခင်သက်ထား၊ မဂျူးဂျူးစုလှိုင်၊ မတိုးအိဝေ၊ မယမင်းသူ၊ မမြမြသက်၊ မောင်ချမ်းမြေ့အောင်တို့ခြောက်ဦးတို့၏ မိဘများအား PDF အကြမ်းဖက်အဖွဲ့က ခြိမ်းခြောက်ခဲ့သဖြင့် ကျောင်းသား မိဘများက ၎င်းတို့၏ သား၊ သမီးများအား တည်းခိုသည့်နေရာမှ ပြန်လည်ခေါ်ဆောင်သွားကြောင်းနှင့် ကျန်ရှိသည့် မောင်အာကာချမ်းမြေ့ကျော်၊ မောင်ထွန်းနိုင်လင်းနှင့်၊ မောင်တင်ဦးလှိုင်တို့ သုံးဦးအား ၎င်းတို့၏ မိဘများက လာရောက်ခေါ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကျောင်းသား ကျောင်းသူများ စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ကျောင်းသားမိဘများအား ခြိမ်းခြောက်ခြင်းများလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အင်္ဂပူမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

အင်္ဂပူ ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ရှမ်းခေါင်းဖြဲကျေးရွာအုပ်စု ရေကျော်ရွာ အမက(ရေကျော်)တွင် ယမန်နေ့ မွန်းလွဲပိုင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် LifeJacket အရေးပေါ်ပြုလုပ်နည်း သရုပ်ပြသပွဲ ပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းမိုးကျော်က မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဟောပြောခဲ့ပြီး ရေဘေးကြုံတွေ့ရပါက LifeJacket အရေးပေါ် ပြုလုပ်နည်းများကို ကျောင်းသား ကျောင်းသူများအား လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။



### သရုပ်ပြဆောင်ရွက်

အဆိုပါ အသိပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြသခြင်း ဆောင်ရွက်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမိုးကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမကရေကျော်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြကြောင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ အခါအားလျော်စွာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြင်းခြံမြို့၌ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

မြင်းခြံ ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားခဲ့သော တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာ သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းမှထွက်ရှိသည့် စားသောက်ကုန်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ထွန်းတို့က ပေးအပ်ရာ သင်တန်းသား သင်တန်းသူများက လက်ခံရယူခဲ့သည်။



အဆိုပါ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းတွင် စားသောက်ကုန် ထုတ်လုပ်နည်း ၁၂ မျိုး သင်ကြားပေးခဲ့ပြီး သင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ဓာတုခြင်ဆေးများ၏အန္တရာယ် သိမှတ်ဆင်ခြင်ဖွယ်

ဒေါက်တာလပြည့်ခင်

လူအများနေထိုင်ရာ ပတ်ဝန်းကျင်တွင် ခြင်မပေါက်ပွားစေရန် ခြင်ပေါက်ပွားနိုင်သည့် ရေမြောင်းများကို ရေစီးရေလာကောင်းမွန်အောင် ပြုပြင်ခြင်း၊ ရေမြောင်းများအား စနစ်တကျ ဖုံးအုပ်ထားခြင်း၊ တစ်ပတ်တစ်ခါ ဆေးဖျန်းပေးခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းဖြင့် ခြင်အန္တရာယ်ကာကွယ်နိုင်ပါသည်။ ထိုသို့ကာကွယ်သည့်ကြားမှ ခြင်များပေါက်ပွားလေ့ရှိသည့် မိုးရာသီတွင် ခြင်ကြောင့်ဖြစ်တတ်သည့်ရောဂါများကို ကြောက်ရွံ့သဖြင့် လူတော်တော်များများသည် ခြင်ဆေးအမျိုးမျိုးကို အသုံးပြုနေကြပါသည်။ ထိုခြင်ဆေးများတွင် ခြင်ကိုနှိမ်နင်းနိုင်မည့် အတိုင်းအဆလောက်သာ ဓာတုပစ္စည်းများကို ထည့်သွင်းထုတ်လုပ်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က သတ်မှတ်ထားသော်လည်း စီးပွားဖြစ်ထုတ်လုပ်ရောင်းချသူများက ခြင်ကိုသေစေနိုင်ရုံသာမက လူသားတို့၏ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သော ဓာတုပစ္စည်းများကို ပိုမိုထည့်သွင်းသုံးစွဲနေကြသဖြင့် ပိုးသတ်ဆေးဥပဒေ (Pesticide Law) အရ တားမြစ်ပိတ်ပင်ထားပါသည်။

**ကြာရှည်စွာတည်မြဲနေနိုင်ပြီး ပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ညစ်ညမ်းမှုဖြစ်စေသည့် အော်ဂဲနစ်ဓာတုပစ္စည်းများနှင့် စတော့ဟုမ်းကွန်ဗင်းရှင်း**

DDT (Dichlorodiphenyltrichloroethane) ဟုခေါ်သည့် ယခင်က ငှက်ဖျားရောဂါကာကွယ်သည့် ခြင်သတ်ဆေးအပါအဝင် ပိုးမွှားသတ်ဆေးများသည် ကြာရှည်စွာတည်မြဲနေနိုင်ပြီး ပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ညစ်ညမ်းမှုဖြစ်စေသည့် အော်ဂဲနစ်ဓာတုပစ္စည်းများကို Persistent Organic Pollutants (POPs) ဟုခေါ်ပါသည်။ အဆိုပါ POPs များကို ထုတ်လုပ်၊ သုံးစွဲ၊ ကုန်သွယ်မှုကို တားမြစ်ပိတ်ပင်ရန်အတွက် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် Stockholm Convention ကို ၂၀၀၁ ခုနှစ် မေလတွင် စတင်ခဲ့ပြီး ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသည် Stockholm Convention အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ စတော့ဟုမ်းကွန်ဗင်းရှင်းက ကနဦးပိတ်ပင်ထားသည့် POPs (၁၂)မျိုးကို Dirty Dozen ဟုခေါ်ပြီး ယခုအခါ ပိတ်ပင်ပြီးဖြစ်သည့် POPs ၃၁ မျိုးထိရှိလာပြီဖြစ်သည်။

**POPs တို့၏ဂုဏ်သတ္တိများနှင့် ဖြစ်ပွားနိုင်သောရောဂါများ**

POPs တို့၏ဂုဏ်သတ္တိများမှာ အဆိပ်အပြင်းစားဖြစ်ခြင်း (Very Toxic)၊ ဖျက်ဆီးရန်မလွယ်ကူဘဲ ကြာရှည်ခံနိုင်ခြင်း (Persistents)၊ အဆီတွင်ပျော်ဝင်လွယ်ခြင်းကြောင့် သက်ရှိတို့၏ခန္ဓာကိုယ်ရှိအဆီလွှာတွင်စုနေနိုင်ခြင်း (Oil Soluble)၊ ရေစီးကြောင်းနှင့် လေတိုက်ခတ်ခြင်းမှတစ်ဆင့် မိုင်ပေါင်းများစွာသို့ ရောက်ရှိနေနိုင်ခြင်း (Distribution) တို့ဖြစ်သည်။ အဆိုပါအော်ဂဲနစ်ဓာတုပစ္စည်းကြောင့် ဖြစ်နိုင်သောရောဂါများမှာ ကင်ဆာရောဂါ၊ မွေးရာပါကိုယ်အင်္ဂါချို့တဲ့ခြင်း၊ မိခင်၏နို့ရည်မှတစ်ဆင့် ရင်သွေးထံသို့ အော်ဂဲနစ်ပစ္စည်းများရောက်ရှိနိုင်ပြီး ကလေး၏ဉာဏဖွံ့ဖြိုးမှုကို နှောင့်နှေးစေနိုင်ခြင်း၊ ခံနိုင်ရည်စွမ်းအားကျဆင်းခြင်း၊ မျိုးပွားအင်္ဂါရပ်ဆိုင်ရာရောဂါများ၊ အာရုံကြောများ ထိခိုက်ပျက်စီးစေနိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။

**ခြင်ဆေးခွေသမိုင်းကြောင်း**

Pyrethrum ကို ပါရှားနှင့် ဥရောပတို့တွင် ပိုးသတ်ဆေးအဖြစ် ရာစုနှစ်များစွာ အသုံးပြုခဲ့ပြီး ၁၈၀၀ ပြည့်နှစ်နှောင်းပိုင်းတွင် ဂျပန်စုံတွဲဖြစ်သည့် Yuki နှင့် Eiichiro Ueyama တို့က ခြင်ဆေးကွိုင် (Mosquitoe Coil) အဖြစ် တီထွင်ခဲ့ပြီး Pyrethrum အမှုန့်ကို လွှစာမှုန့်နှင့် ရောစပ်ပြီး ခြင်များကိုနှိမ်နင်းရန်မီးရှို့ခဲ့သည်။ Ueyama သည် ကစီဓာတ်မှုန့်၊ မန်ဒရင်လိမ္မော်အခြောက်အရေခွံမှုန့်နှင့် Pyrethrum အမှုန့်တို့ဖြင့် ရောစပ်ထားသော အမွှေးတိုင်များကို မိနစ် ၄၀ ခန့်အတွင်း လောင်ကျွမ်းစေခဲ့သည်။ ၁၈၉၅ ခုနှစ်တွင် Yuki သည် တုတ်များကိုပိုထူပြီး ပိုရှည်စေရန်နှင့် ၎င်းတို့ကို ကြာရှည်ခံစေရန်အတွက် ခရုပတ်များဖြင့် ပြုလုပ်ရန် အဆိုပြုခဲ့ပြီးနောက် စမ်းသပ်မှုများ ဆက်တိုက် ပြုလုပ်ကာ ၁၉၀၂ ခုနှစ်တွင် Eiichiro သည် ခရုပတ်ပုံသဏ္ဌာန် ဖြင့် အမွှေးတိုင်မီးရှို့သည့် အကျိုးသက်ရောက်မှုကို ရရှိခဲ့သည်။ အဆိုပါနည်းလမ်းတွင် အမွှေးတိုင်ထူထူများကို အရှည်တစ်ခုအထိ ဖြတ်တောက်ကာ ခရုပတ်အဖြစ် လက်ဖြင့်ချည်နှောင်ခြင်းပါဝင်ခဲ့သော်လည်း အမြောက်အမြား ထုတ်လုပ်နိုင်သောအခါတွင် ဤနည်းလမ်းကို စက်ဖြင့်ထိုးခြင်းပြုလုပ်နိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် သူ၏ကုမ္ပဏီ Dainihon Jochugiku Co. Ltd သည် ဒေသတွင်းအခြေအနေများကိုအခြေခံ၍ ခြင်နှိမ်နင်းရေးထုတ်ကုန်များထုတ်လုပ်ရန်အတွက် တရုတ်နှင့် ထိုင်းနိုင်ငံအပါအဝင် နိုင်ငံအသီးသီးတွင် ဖက်စပ်လုပ်ငန်းကို တည်ထောင်ခဲ့သည်။



**ခြင်ဆေးခွေတွင်**
**အများဆုံးသုံးသောဓာတုပစ္စည်းအကြောင်း**

ခြင်ဆေးခွေတွင် ခြင်ပြေးစေရန်သုံးသော ဓာတုပစ္စည်းတစ်မျိုးမှာ Pyrethrin ဖြစ်ပြီး ယင်းကို Pyrethrum Flower မှထုတ်လုပ်ပါသည်။ သို့သော် ယခုအခါတွင် Synthetic ဓာတုဓာတ်ပေါင်းဖြစ်သော အယ်လ်ကာလီဓာတ်ပေါင်း (Pyrethrin Base) များဖြစ်သည့် Allethrin၊ Tetramethrin၊ Permethrin၊ Cyphenothrin၊ Cypermethrin၊ Cyfluthrin တို့ကို WHO မှ သတ်မှတ်ချက်အတိုင်း ထည့်သွင်းအသုံးပြုကြပါသည်။ ခြင်ပေါများလှသော မြန်မာနိုင်ငံ၌ ခြင်ဆေးခွေတံဆိပ်အမျိုးမျိုးကို ဈေးကွက်တွင် ကျယ်ပြန့်စွာတွေ့ရှိနေရပါသည်။ ထိုခြင်ဆေးခွေများတွင် ခြင်ပြေးစေရန်အသုံးပြုသော ဓာတုပစ္စည်းမှာ Active Ingredients အနေဖြင့် D–allethrin ကို သုညဒသမ ၁ ရာခိုင်နှုန်းမှ သုည ဒသမ ၃ ရာခိုင်နှုန်း အသုံးပြုကြပါသည်။ အခြားဓာတုပစ္စည်းအနေဖြင့် မီးလောင်လွယ်စေရန် အများအားဖြင့် ပိုတက်ဆီယမ်နိုက်ထရိတ် (Potassium Nitrate) ကို အသုံးပြုပြီး အခြားပါဝင်သောပစ္စည်းများမှာ မီးလောင်စေရန် လောင်စာအဖြစ် လွှစာမှုန့်၊ ကော်များအဖြစ် ပီလောပီနံမှုန့်၊ ကော် စသည်တို့ကို အသုံးပြုကြပါသည်။

**ခြင်ဆေးငွေ့တွင်ပါဝင်သောအဆိပ်ငွေ့များ**

ခြင်ဆေးခွေကို မီးရှို့သောအခါတွင် ခြင်ပြေးစေရန်ထည့်ထားသည့် Active Ingredients များမှ ထွက်လာသောအငွေ့များသည် လေထဲတွင်ပျံ့လွင့်ပြီး ရှူမိသူများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများသာမက ကင်ဆာရောဂါများအထိ ဖြစ်ပွားစေနိုင်ပါသည်။ နိုင်ငံတကာမှ သုတေသနပညာရှင်များ၏ စမ်းသပ်ချက်များအရ ခြင်ဆေးခွေတစ်ခွေကို မီးရှို့ပါက ခြင်ဆေးအငွေ့ထဲ၌ Volatile Organic ဒြပ်ပေါင်း ၇၀ ကျော်ပါဝင်ပြီး ၎င်းတို့ထဲတွင် အလွန်သေးငယ်သည့် Allathrin အမှုန်လေးများ၊ သတ္တုလေးများ (Heavy Metal) ပေါ်လီဆိုက်ကလစ်အေရိုမက်တစ်ဟိုက်ဒရိုကာဗွန်များ (Polycyclic Aromatic Hydrocarbon)၊ အော်ဒီဟိုက်များ(Aldehydes)၊ ကီတုန်း (Ketone)၊ ဗင်စင်း (Benzene)၊ ဇိုင်လင်း (Xylene) တို့ ထွက်ပေါ်လာပြီး ၎င်းတို့သည် လေထဲတွင် ပျံ့နှံ့နေပါက လေထုတွင်ရှိရမည့်စံချိန်စံညွှန်းများနှင့်မကိုက်ညီတော့ဘဲ လူတို့၏ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပါသည်။ လေထုထဲတွင် ခြင်ဆေးခွေတစ်ခွေ၏ အငွေ့များသည် စီးကရက် ၅၅ လိပ်မှ ၁၃၇ လိပ်ကို မီးရှို့သည်နှင့်ညီမျှပြီး ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ကြောင့်ဖြစ်သည့်ရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း သိရှိရပါသည်။ ထိုအချက်များအပြင် ခြင်ဆေး ခွေ အသုံးပြုမှုကြောင့် မတော်တဆမီးလောင်မှု အများအပြားဖြစ်ပွားခဲ့သည့် မီးဘေးအန္တရာယ်များလည်း ရှိနိုင်ပါသေးသည်။

**ခြင်ဆေးခွေသုံးဓာတုပစ္စည်းများနှင့်**
**GHS စနစ်ဖြင့်အန္တရာယ်ခွဲခြားခြင်း**

အခြားနိုင်ငံများမှ ထုတ်လုပ်သော ခြင်ဆေးခွေအချို့တွင် WHO က သုံးစွဲခွင့်မပြုသည့်အစွမ်းထက်ဓာတုပစ္စည်း S–2(Octachlorodipropyl Ether) ကိုထည့်သွင်းအသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ထို S–2 ပါဝင်ပါက ခြင်ဆေးအငွေ့တွင် Bis Chloro Methyl Ether (BCME) ဆိုသည့် ဓာတ်ပေါင်းတစ်မျိုး ထွက်ပေါ်လာပါသည်။ ထို BCME ကို ဓာတုပစ္စည်းများ၏အန္တရာယ်ကိုဆန်းစစ်ရာတွင် လက်ရှိတစ်ကမ္ဘာလုံးတွင် တူညီစွာကျင့်သုံးလျက်ရှိသည့် ဓာတုပစ္စည်းများ၏အဆင့်ကို အတန်းအစားခွဲခြား၍ အမှတ်တံဆိပ်ကပ်သည့် (Globally Harmonized System of Classifications and Labeling of Chemicals–GHS) စနစ်ဖြင့် အတန်းအစားခွဲကြည့်သောအခါ Category 1 ဖြစ်သဖြင့် အန္တရာယ်အမြင့်ဆုံးအနေအထားတွင်ရှိနေပြီး အဆုတ်ကင်ဆာအထိ ဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရပါသည်။ ဈေးကွက်များတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် ခြင်ဆေးခွေများ၌ အန္တရာယ်ရှိဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် Meper Fluthrin ပမာဏသည် WHO ၏ အမြင့်ဆုံးသတ်မှတ်ချက်ကိုကျော်လွန်၍ ပါဝင်နေကြောင်း သိရှိရသည်။ ဥပမာအားဖြင့် တရုတ်ပြည်ထုတ် ကျင်းထုံခြင်ဆေးအပြာတွင် Meper Fluthrin သုည ဒသမ ၀၆၄၁ ရာခိုင်နှုန်း၊ အနီတွင် Meper Fluthrin သုည ဒသမ ၁၁၅၉ ရာခိုင်နှုန်း၊ အစိမ်းတွင် Meper Fluthrin သုည ဒသမ ၁၁၂၉ ရာခိုင်နှုန်းအထိ ပါဝင်နေသဖြင့် နိုင်ငံတော်မှ သုံးစွဲခြင်းမပြုရန် တားမြစ်ပိတ်ပင်ခဲ့ဖူးပါသည်။

**ကြိုတင်သတိထားရမည့်ဖော်ပြချက်များ**

ဓာတုခြင်ဆေးခွေများအသုံးပြုမှုကြောင့် လူတို့၏ကျန်းမာရေးကို အနည်းနှင့်အများ ထိခိုက်စေသဖြင့် ကာကွယ်ရန်နည်းလမ်းများထဲမှ အရေးကြီးသည့်အချက်များကို ဖော်ပြလိုပါသည်။ ခြင်ဆေးသည် အသားအရေကိုယားယံစေသဖြင့် ၎င်းကိုကိုင်တွယ်ရာတွင် လက်အိတ်နှင့် ကိုင်တွယ်ရပါမည်။ ကိုင်တွယ်ပြီးတိုင်း ဆပ်ပြာ၊ ရေတို့နှင့် စင်ကြယ်စွာ ဆေးကြောသင့်ပါသည်။ အစားအသောက်များနှင့် ထိတွေ့ခြင်းမရှိစေရန်နှင့် အသုံးပြုနေစဉ် အစာစားခြင်း၊ အရည်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းမပြုလုပ်ရန် လိုအပ်ပါသည်။ ခြင်ဆေးခွေကို ကလေးများလက်လှမ်းမီသော နေရာများတွင်လည်း မထားသင့်ပါ။ ခြင်ဆေးခွေကိုအသုံးပြုလိုပါက လူမရှိသောအခန်းတွင်ထွန်းထားပြီး အငွေ့သေသောအချိန်မှသာ ဝင်ရောက်နေထိုင်သင့်ပါသည်။ အလုံပိတ်အခန်းတွင်ထွန်းညှိပြီး လူများနေထိုင်ခြင်း မပြုလုပ်သင့်ပါ။ ပန်းနာရင်ကျပ်ရှိသူများ၊ နှလုံးရောဂါရှိသူများ ခြင်ဆေးငွေ့ကိုရှောင်ရှားသင့်ပါသည်။ အငွေ့များပတ်ဝန်းကျင်သို့ လွတ်ထွက်မသွားအောင် ထားသိုရန်နှင့် ကြာရှည်စွာမရှူရှိုက်မိစေရန် ဆက်တိုက်ထွန်းညှိခြင်းကို ရှောင်ကြဉ်ရပါမည်။

**အစားထိုးအသုံးပြုနိုင်သောအဆီအမျိုးမျိုး**

ထို့ကြောင့် ခြင်ဆေးခွေတွင် ထည့်သွင်းအသုံးပြုထားသော ဓာတုပစ္စည်းများသည် လူနှင့်တိုက်ရိုက်ထိတွေ့လျှင်သော်လည်းကောင်း၊ ခြင်ဆေးခွေကိုမီးရှို့၍ ထွက်လာသောအငွေ့များကို ကြာရှည်ရှူရှိုက်မိလျှင်သော်လည်းကောင်း

စာမျက်နှာ ၁၇ သို့ ❖

**❛ခြင်ဆေးခွေကို မီးရှို့သောအခါတွင် ခြင်ပြေးစေရန်ထည့်ထားသည့် Active Ingredients များမှ ထွက်လာသောအငွေ့များသည် လေထဲတွင်ပျံ့လွင့်ပြီး ရှူမိသူများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများသာမက ကင်ဆာရောဂါများအထိ ဖြစ်ပွားစေနိုင်ပါသည်။ လေထုထဲတွင် ခြင်ဆေးခွေတစ်ခွေ၏ အငွေ့များသည် စီးကရက် ၅၅ လိပ်မှ ၁၃၇ လိပ်ကို မီးရှို့သည်နှင့် ညီမျှပြီး ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ကြောင့်ဖြစ်သည့်ရောဂါများ ဖြစ်ပွားစေနိုင်❜**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လျှပ်စစ်မီးဖွင့်ပွဲ၊ တွေ့ဆုံပွဲနှင့် ပိုက်ဆံလျှော်မြေမြှုပ်ထည့်သွင်းခြင်းအခမ်းအနားသို့ တက်ရောက်

ကျုံပျော် ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ကျုံပျော်မြို့နယ်၌ ပြုလုပ်သည့် လျှပ်စစ်မီးဖွင့်ပွဲ၊ တွေ့ဆုံပွဲနှင့် ပိုက်ဆံလျှော်မြေမြှုပ်ထည့်သွင်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျီးအိုင်ကျေးရွာအုပ်စု တောက်တဲ့ရိုးကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဖွင့်ပွဲဆိုင်းဘုတ်ကို မီးခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာများပက်ဖျန်း၍ ကျေးရွာနေအိမ်များတွင် လျှပ်စစ်မီတာတပ်ဆင်ထားမှုကို လိုက်လံကြည့်ရှုသည်။

ထို့နောက် အကွေ့တန်းကျေးရွာအုပ်စု အင်းသောင်ကြီးကျေးရွာ ဓမ္မာရုံတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများဆွေးနွေးကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ကြည့်ရှုအားပေးပြီး ကျေးရွာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား စာအုပ်၊ စာရေးကိရိယာနှင့် မိုးကာအင်္ကျီများ ပေးအပ်သည်။

ဆက်လက်၍ ကျုံပျော်မြို့ မြေရဲတောင်အုပ်စု တောင်သူဦးတင်ရှိန်၏ လယ်ယာမြေအတွင်းသစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မြေမြှုပ်ထည့်သွင်းခြင်း အခမ်းအနားသို့ တက်ရောက်အားပေးကြည့်ရှုပြီး တောင်သူများအား ဆင်းသုခ၊ အောင်နိုင်တိုးနှင့် မော်ဘီ(၃) မျိုးစပါးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြိတ်မြို့နယ်၌ မိုးစပါး ဧက ၄၁၂၆၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

မြိတ် ဇွန် ၁၅

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၄၁၂၆၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးမှုကို ဇူလိုင်လမှစတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် မိုးစပါးများကို တောင်သူများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရန် နည်းပညာပေးခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



ပန်းတိုင်အထွက်နှုန်း ရရှိရန် မျိုးစပါးတင်း ၇၅၀ အခမဲ့ပေးအပ်ပြီး မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ပထမအကြိမ် ခွဲတမ်းရရှိသော ယူရီးယားဓာတ်မြေသြဇာ ၃၄တန်ကိုသက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် နောက်ထပ်ရရှိသည့် ခွဲတမ်းများကိုလည်း ဆက်လက်ဖြန့်ဖြူး ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် မြိတ်မြို့နယ် သမဝါယမ ဦးစီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မြိတ်မြို့နယ်၏ မိုးစပါးစိုက်ဧက ၁၅၇၄ ဧကအတွက် ပန်းတိုင်အထွက်နှုန်းရရှိရန် ကျပ် ၃၁၄၈ သိန်းနှင့် ညီမျှသော မျိုးစပါးနှင့် သွင်းအားစုများပေးအပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# ပျော်ဘွယ်မြို့နယ်၌ နွေစပါးစိုက်ဧက ၂၄၀၅ ဧက လျာထားပြီး လျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့

ပျော်ဘွယ် ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးရန် ၂၄၀၅ ဧကလျာထားခဲ့ပြီး လျာထားချက်ထက်ကျော်လွန်ကာ စုစုပေါင်းစိုက်ဧက ၂၉၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

## အသုံးပြုစိုက်ပျိုးလျက်ရှိ

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သတ်မှတ်လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးအသိပညာများဖြန့်ဝေပေးခြင်း၊ နိုင်ငံတော်မှပေးအပ်သည့် သွင်းအားစုများကို ဈေးနှုန်းချိုသာစွာဖြင့်ဖြန့်ဝေပေးခြင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး နွေစပါးစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် မနောသုခ၊ ဆင်းသုခ၊ အောင်နိုင်တိုးစပါးမျိုးများကို အဓိကစိုက်ပျိုးကြကာ ပျိုးထောင်စနစ်ဖြင့်စိုက်ပျိုးနည်းကို အသုံးပြုစိုက်ပျိုးလျက်ရှိသည်။

"မျိုးကောင်းမျိုးသန့်၊ မျိုးစေ့ထုတ်နိုင်ဖို့အတွက်လည်း မနောသုခမျိုးစပါးစိုက်ဧက ၁၅၀၊ အောင်နိုင်တိုး မျိုးစပါးစိုက်ဧက ၅၀ ကိုလည်း သဖန်းချောင်းဆည်မှ နွေသီးနှံအတွက် ဖြန့်ဝေပေးတဲ့စိုက်ပျိုးရေနဲ့ စိုက်ပျိုးခဲ့ပါတယ်။ လိုအပ်တဲ့နည်းစနစ်တွေကိုလည်း သက်ဆိုင်ရာတောင်သူများထံ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးညိမ်းဇော်က ပြောသည်။

မင်းမင်းထွေး(ပျော်ဘွယ်)



# တပ်ကုန်းမြို့နယ်၌ မိုးဝါစိုက်ပျိုးဧကပြည့်မီရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

တပ်ကုန်း ဇွန် ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးသည် မြို့နယ်



အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် သမဝါယမအသင်းစု အဆောက်အအုံအတွင်း ဆောင်ရွက်နေသော "လှ" ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ ဝါကြိတ်စက်၊ ဝါဖိစက်၊ ရက်ကန်းစက်များ လည်ပတ်နေမှု၊ ကုန်ကြမ်းသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ်အတွင်း မိုးဝါစိုက်ပျိုးဧက ၃၀၀၀ စိုက်မည့်အပေါ် ဧကပြည့်မီအောင် ဖွဲ့စည်းနိုင်ရေး၊ ရရှိပြီးဧကများ အထွက်နှုန်းကောင်းမွန်သည့် ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်း ဝါမျိုးများနှင့် သွင်းအားစုများကို ဝါစိုက်တောင်သူများ လက်ဝယ် စိုက်ပျိုးချိန်အမီ ရောက်ရှိစေရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

❖ စာမျက်နှာ ၁၆ မှ

လူတို့၏ကျန်းမာရေးကို အနည်းနှင့်အများ ထိခိုက်နိုင်သဖြင့် ခြင်ဆေး၏အန္တရာယ်နှင့် ဆောင်ရန်ရှောင်ရန် ကာကွယ်ရန်အချက်များကို GHS စနစ်ဖြင့် တွက်ချက်ဖော်ထုတ် တင်ပြထားခြင်းဖြစ်ပါသည်။ ထို့အပြင် ခြင်ဆေးထုတ်လုပ်သူများဘက်ကလည်း ထည့်သွင်းအသုံးပြုသည့် Active Ingredient များကို WHO က သတ်မှတ်ထားသည့် အချိုးအစားများအတိုင်းသာ ထည့်သွင်းအသုံးပြုရန်၊ ခွင့်မပြုဓာတုပစ္စည်းများကို ထည့်သွင်းအသုံးမပြုကြရန်နှင့် လေးစားလိုက်နာကြရန် အထူးလိုအပ်ပါသည်။ ဖြစ်နိုင်ပါက ဓာတုပစ္စည်းများအစား သဘာဝမှရရှိနိုင်သော သစ်ကြံ့ပိုးခေါက်ဆီ (Cinnamon Oil)၊ တမာဆီ (Neem Oil)၊ ရှောက်သီးဆီ (Citronella Oil)၊ ယူကလစ်ဆီ (Eucalyptus Oil) အစရှိသည်တို့ကို အစားထိုးအသုံးပြုလျှင် ပိုမိုသင့်တော်ပါသည်။

ခြင်ဆေးတွင်ပါဝင်သော ဓာတုပစ္စည်းများ၏အန္တရာယ်နှင့် ဆောင်ရန်ရှောင်ရန်အချက်များကို သိပ္ပံနည်းကျဖော်ပြပြီးသည်နှင့် အညီ တစ်ဖန် ပြည်သူလူထုဘက်ကလည်း မိမိတို့၏အသိစိတ်ဓာတ်နှင့် အလွယ်တကူ ဆောင်ရွက်နိုင်သော ကြိုတင်ကာကွယ်ရမည့်အချက်များဖြစ်သည့် ခြင်မပေါက်ပွားစေရန် ခြင်ပေါက်ပွားနိုင်သည့် ရေမြောင်းများကို ရေစီးရေလာကောင်းမွန်အောင်ပြုပြင်ခြင်း၊ ရေမြောင်းများကို စနစ်တကျ ဖုံးအုပ်ထားခြင်း၊ ရေမြောင်းများကို တစ်ပတ်တစ်ခါ ဆေးဖျန်းပေးခြင်းနှင့် အမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းတို့ကို ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုလျှင် ခြင်အန္တရာယ်နှင့် ဓာတုပစ္စည်းသုံး ခြင်ဆေးခွေများ၏ အန္တရာယ်မှ ကာကွယ်ပြီးဖြစ်ပါကြောင်း အလေးအနက်ထား တင်ပြအပ်ပါသည်။ ။

References: – Internet Websites on Mosquitoes
– POPs, Hazardous Chemicals List
– Purple Book on GHS

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်နိုင်ရေး အမှိုက်ပုံးများထားရှိမှုနှင့် အမှတ်(၄) လမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက ဈေးများ၌ အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေး အမှိုက်ပုံးများထားရှိမှုနှင့် အမှတ်(၄)လမ်းမကြီး တစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**စနစ်တကျထားရှိ**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရတနာဈေးနှင့် ရတနာသီရိဈေးတို့တွင် အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက် ခွဲခြားစွန့်ပစ်နိုင်ရေးအတွက် အမှိုက်ပုံးများထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စွန့်ပစ်အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အတွက် စက္ကူအပိုင်းအစ၊ စက္ကူအိတ်နှင့် ကတ်ထူများ



ကဲ့သို့သော အမှိုက်ခြောက်၊ စားကြွင်းစားကျန်များ ကဲ့သို့သော အမှိုက်စို၊ ဖန်၊ သံဘူးနှင့် သတ္တုဘူးများ ကဲ့သို့သော အန္တရာယ်ရှိသောအမှိုက်၊ ပလတ်စတစ်ဘူး/ခွက်/အိတ်များကဲ့သို့သော ပလတ်စတစ်အမှိုက်များကို ခွဲခြားစွန့်ပစ်နိုင်ရေး ခရိုင်/မြို့နယ်အလိုက် တာဝန်ရှိသူများက အသိပညာပေး ဆောင်ရွက်သွားရန်နှင့် အမှိုက်ပုံးများ စနစ်တကျထားရှိဆောင်ရွက်ရန်တို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲ/ယာ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာသပ်ရပ်စေရေး ချုံနွယ်၊ မြက်ပင်များ ရှင်းလင်းနေမှု၊ လူသွားစင်္ကြံဆောင်ရွက်နေမှုနှင့် လမ်းလယ်တုံးများ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



## မင်းဘူးမြို့၌ ရေအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

မင်းဘူး ဇွန် ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေထု၊ ရေထု အရည်အသွေး ကျဆင်းမှုအခြေအနေများအား သိရှိနိုင်စေရန် ရေအရည်သွေးတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက မင်းဘူးမြို့ ဧရိယာအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝပတ်ဝန်းကျင် လေထုအရည်အသွေးတိုင်းတာမှုနှင့် ရေထုအရည်အသွေးတိုင်းတာမှုလုပ်ငန်းစီမံချက်အရ မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက မင်းဘူးမြို့ ထောက်ရှာပင်ဆိပ်ကမ်းရှိ ဧရာဝတီမြစ်ရေအရည်အသွေးကို လည်းကောင်း၊ ဆားပွက်ချောင်း ရေအရည်အသွေးကို လည်းကောင်း၊ ရှင်ပင်စက္ကိန်းတဲဆိပ်ကမ်းရှိ ဧရာဝတီမြစ်ရေအရည်အသွေးကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မင်းဘူးမြို့ပေါ် ရပ်ကွက်များအတွင်း မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကျောက်တန်းရေစက်ရုံ၊ တာဘိုင်ရေစက်ရုံနှင့် ဧရာဝတီမြစ်ရေတင် သန့်စင်ဖြန့်ဝေပေးရေးလုပ်ငန်းခွင်တို့သို့ သွားရောက်ပြီး ရေအရည်အသွေးများအား မြေပြင်ကွင်းဆင်း တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ရေထုအရည်အသွေးတိုင်းတာခြင်း လုပ်ငန်းများအပြင် မီးခိုးမြူငွေ့များကြောင့် လေအရည်အသွေးကျဆင်းမှုများ ဖြစ်ပေါ်လာသည့်အတွက် လေအရည်အသွေး တိုင်းတာခြင်းလုပ်ငန်းများကိုလည်း အဓိကကျသောနေရာများနှင့် မြို့၏ လေအရည်အသွေးကို လွှမ်းခြုံနိုင်သောနေရာများအား ဦးစားပေး၍ လေအရည်အသွေး တိုင်းတာရေးစက်များ အသုံးပြုပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေထု၊ ရေထု အရည်အသွေးများအား တိုင်းတာစစ်ဆေးပြီး ရရှိထွက်ပေါ်လာသော အရည်အသွေးရလဒ်များကို ဒေသခံပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

## ကြံခင်းမြို့၌ (အခမဲ့) စက္ခုအလင်းဒါနအဖြစ် မျက်စိဝေဒနာရှင်များအား စမ်းသပ်ခွဲစိတ်ကုသပေး

ကြံခင်း ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါး မျက်စိဝေဒနာရှင်များအား ဇေယျာမိုးမြင့်ကုမ္ပဏီလီမိတက်က (အခမဲ့) စက္ခုအလင်းဒါနအဖြစ် မျက်စိစမ်းသပ်ခွဲစိတ်ကုသခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရွာသစ်ရပ်ကွက် ပုဂံပြန်ကျောင်းတိုက်၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှထွန်းဇော်က အမှာစကားပြောကြားသည်။ ထို့နောက် ဇေယျာမိုးမြင့်ကုမ္ပဏီလီမိတက်မှ အလှူရှင် ဦးဝင်းသူက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ (အခမဲ့) စက္ခုအလင်းဒါန၌ မျက်စိဝေဒနာရှင် ၂၁၁ ဦးအား ကြည့်ရှုပေးခဲ့ကြောင်း၊ ခွဲစိတ်ကုသရန် လိုအပ်သူများအား ပြည်မြို့ရှိ အောင်ဇော်ဦးအထူးကုဆေးခန်း၌ ဇွန် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် စရိတ်ငြိမ်းခွဲစိတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဖြိုးဝေလင်း(ပြန်/ဆက်)

## ဇနေဖြူမြို့နယ်၌ အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်ပုံ သရုပ်ပြ

ဇနေဖြူ ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဇနေဖြူ မြို့နယ်၌ အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ပုံ သရုပ်ပြသခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့များမှ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများသို့ သွားရောက်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူက အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် အန္တရာယ်ရှိအမှိုက် လေးမျိုး ခွဲခြားထားပြီး အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ကြရန် သရုပ်ပြ ဆွေးနွေးပြောကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## ဒေးဒရဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

ဒေးဒရဲ ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီကာလတွင်ဖြစ်ပွားနိုင်သည့်ရောဂါများ ကာကွယ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်အခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေစည်၊ ရေအိုးများတွင် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အေဇာလင်း

# သဘာဝဘေးများရင်ဆိုင်နေရသည့် ကမ္ဘာ့နိုင်ငံများ

ရာသီဥတုဖောက်ပြန်ခြင်းနှင့် သဘာဝဘေးဆိုသည်မှာ ကြိုတင်ခန့်မှန်းတွက်ဆနိုင်သည့် အရာမဟုတ်သည့်အတွက် သဘာဝဘေးကျရောက်သည့်နိုင်ငံများတွင် ထိခိုက်ပျက်စီးမှုနှင့်အတူ သေဆုံးမှုများလည်း ရှိလာခဲ့သည်။ လတ်တလော သဘာဝဘေးကျရောက်ခဲ့သည့်နိုင်ငံများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

စိုးသူရ

တောင်အာဖရိကနိုင်ငံအရှေ့ပိုင်း ကိပ်ပြည်နယ်တွင် ဇွန်လ ၁၁ ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းရာမှ ရေကြီးရေလျှံမှုဖြစ်ပွားပြီး ဒေသခံများ သေဆုံးမှုဖြစ်ပွားခဲ့သည်။ ပြည်နယ်အတွင်းရှိ အမ်သာသာမြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားရာ ယင်းဖြစ်စဉ်အတွင်း ကျောင်းကားတစ်စီး မျောပါသွားသဖြင့် အဆိုပါကားပေါ်တွင် စီးနင်းလာသည့် ကျောင်းသားလေးဦး သေဆုံးခဲ့သည်။

နိုင်ငံအတွင်းလက်ရှိအချိန်တွင်ဖြစ်ပွားသည့် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သော ဒေသအားလုံးတွင် ရှာဖွေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြောင်းနှင့် အခြေခံအဆောက်အအုံများ ပျက်စီးသွားခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ် လူဗာဗာလိုအော်စကာက ပြောကြားသည်။



တောင်အာဖရိကနိုင်ငံ ကိပ်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

ယင်းရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်း ၅၈ ကျောင်းနှင့် ဆေးရုံ ၂၀ ထက်မနည်း ပျက်စီးခဲ့ကြောင်းနှင့် ဒေသခံ ၅၀၀ ခန့်အား ယာယီတဲများသို့ ရွှေ့ပြောင်းနေရာချထားခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိပ်ပြည်နယ်သည် မိုးသည်းထန်စွာရွာသွန်းခြင်းဒဏ်ကိုခံနိုင်ရည်မရှိသည့် ရေနုတ်မြောင်းစနစ်များကြောင့် ယခုဖြစ်စဉ်တွင် ရေကြီးရေလျှံမှုကို ပြင်းထန်စွာခံစားရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများ ဒေသခံများထံတွင် ကူးစက်ခြင်းရှိ၊ မရှိ ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း နိုင်ဂျာပြည်နယ် မော့ကဝါမြို့တွင် မေလ ၃၀ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၁၅၀ ထက်မနည်း သေဆုံးခဲ့ရကြောင်း သိရသည်။ ယင်းရေကြီးရေလျှံမှုဖြစ်စဉ်သည် ဒေသခံများအိပ်ပျော်နေသည့် နံနက် အရုဏ်တက်အချိန်တွင် ဖြစ်ပွားခြင်းဖြစ်ကာ မိမိ၏ မိသားစုဝင်များသေဆုံးခဲ့ရကြောင်း ဒေသခံ ဟာဆန်အဗ္ဗဒူလာက ပြောကြားသည်။

နိုင်ဂျီးရီးယားမြောက်ပိုင်းတွင် နှစ်စဉ်ရေကြီးရေလျှံမှုများကြောင့် သေဆုံးမှုများနှင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရခြင်းများဖြစ်လေ့ရှိသည်။

ပြီးခဲ့သည့်နှစ်က ဒေသအနှံ့ ရေကြီးရေလျှံမှုများကြောင့် ၂၀၀ ကျော် သေဆုံးခဲ့ပြီး ၃၈၆၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

အလားတူ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ဇွန်လ ၃ ရက်နေ့က ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ဒေသခံငါးသိန်းကျော် ထိခိုက်ခံစားခဲ့ရသည်။ ပြည်နယ်အတွင်းရှိ ခရိုင် ၂၂ ခုတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၅၁၅၀၃၉ ဦး ထိခိုက်ခံစားခဲ့ရပြီး ကျေးရွာ ၁၂၅၄ ရွာ ရေလွှမ်းမိုးခဲ့ကာ သီးနှံစိုက်ပျိုးမြေဧက ၁၂၆၁၀၁၇ ဟက်တာ ပျက်စီးခဲ့သည်။ ပြည်နယ်အတွင်း ဒေသအများအပြားတွင် မိုးရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ လမ်းများ၊ တံတားများနှင့် ရေထိန်းနံရံများပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံ၊ ဆစ်ကင်၊ မဏိပူရ်နှင့် အရုဏာချယ်ပရာဒေ့ရှ် ပြည်နယ်များတွင် ဇွန်လ ၂ ရက်နေ့က ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ယင်းသဘာဝဘေးဖြစ်စဉ်အတွင်း ဗြဟ္မပုတြ မြစ်ရေတက်လာမှုကြောင့် အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ဒေသခံ ၁ ဒသမ ၄၄ သိန်းကျော် ထိခိုက်ခဲ့သည်။ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် အာသံ ရိုင်ဖယ်တပ်ရင်းက တြိပူရပြည်နယ် ချန်ဒရာပါးနှင့် ရီရှန်ဗာဂန်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရသည်။ မဏိပူရ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အင်ဖာတောင်ကြားတွင် ရေကြီးရေလျှံမှုဖြစ်ခဲ့ပြီး ဒေသခံထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ကမ္ဘာတစ်ဝန်းတွင်ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီးနောက် အောက်ပါအကျိုးဆက်များဖြစ်ပွားလာကြောင်း တွေ့ရှိရသည်။

ရေကြီးရေလျှံမှုများမှ ညစ်ညမ်းသော ရေအရင်းအမြစ်များသည် ဒေသခံများအား ကူးစက်ရောဂါများ ကူးစက်ပျံ့နှံ့စေသည်။

ရေကြီးရေလျှံမှုဖြစ်ပွားခြင်းကြောင့် မြေဆီလွှာတိုက်စားခြင်း၊ သီးနှံများပျက်စီးခြင်းနှင့် ဂေဟစနစ်များပျက်စီးခြင်းနှင့်အတူ ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲများရှင်သန်မှုကို နှောင့်နှေးစေကြောင်း တွေ့ရှိရသည်။

ရေကြီးရေလျှံမှုမှ ဟန့်တားနိုင်ရန်အတွက် နယူးယောက်နှင့်အမ်စတာဒမ်တို့ကဲ့သို့ကမ်းရိုးတန်းမြို့များတွင် အတားအဆီးများ တည်ဆောက်ထားရှိသည်။

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်ပွားခြင်းမှကာကွယ်ရန်အတွက် ရေကြီးရေလျှံမှုဒဏ်ခံနိုင်သည့်အိမ်များကို ဒေသခံများအတွက် တည်ဆောက်ပေးခဲ့သည်။

ကမ္ဘာ့နိုင်ငံများတွင် ကမ်းရိုးတန်းဒေသများတစ်လျှောက် ရေကြီးရေလျှံမှုများမှ ကာကွယ်ရေးအတွက် ရေထိန်းနံရံကဲ့သို့သော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ရေနုတ်မြောင်းစနစ်များ မြှင့်တင်ခြင်းနှင့် ဒီရေတောများပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများက ယမန်နှစ်အတွင်း အကြံပြုခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံများတွင် ရေကြီးရေလျှံမှုများမှတစ်ဆင့် ဆည်ကျိုးပေါက်မှုမရှိစေရေးအတွက် ရေကာတာများနှင့် ဆည်များ၏တည်ဆောက်ပုံဆိုင်ရာအားနည်းချက်များကို ပညာရှင်များက ပုံမှန်စစ်ဆေးခြင်းနှင့် ရေကာတာနှင့် ဆည်များအနီးတွင် နေထိုင်သူများအား ရေကာတာနှင့် ဆည်များ ကျိုးပေါက်မှုဖြစ်လာပါက ဘေးလွတ်ရာသို့ရွှေ့ပြောင်းနိုင်ရန်အတွက် ထွက်ပေါက်များ ထားရှိသည်ကို တွေ့ရှိရသည်။

မြို့ပြဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက မြေနိမ့်ပိုင်းတွင် နေထိုင်သူများ ဘေးကင်းရာသို့ ရွှေ့ပြောင်းရန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားရန်၊ ရေကိုကျိုချက်ပြီးမှသောက်ရန်နှင့် ကလိုရင်းခတ်ထားသောရေကို အသုံးပြုရန်၊ ရေကြီးရေလျှံမှုကြောင့် ညစ်ညမ်းသောရေနှင့် ထိတွေ့ထားသော အစားအစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ရန်၊ ရေကြီးရေလျှံသောနေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ အဖုံးပွင့်နေသော မြောင်းပေါက်များ၊ ရေကြီးရေလျှံနေသော ရေထွက်ပေါက်များကို သတိထားရန်နှင့် မတော်တဆမှုများ မဖြစ်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပို့ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသည်။

သဘာဝဘေးဆိုသည်မှာ လူသားတို့အား မမျှော်မှန်းနိုင်သည့်အချိန်အခါတွင် ထိခိုက်မှုများဖြစ်စေသည့် အရာတစ်ခုဖြစ်ရာ ယင်းသဘာဝဘေးကို နိုင်ငံအသီးသီးက လက်ရှိအချိန်တွင် စုပေါင်းအားဖြင့် အနိုင်ယူရမည်ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

ကိုးကား – Children Swept Away In School Bus In South Africa Flooding.



အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေစဉ်။

**“မြို့ပြဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက မြေနိမ့်ပိုင်းတွင်နေထိုင်သူများ ဘေးကင်းရာသို့ရွှေ့ပြောင်းရန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားရန်၊ ရေကို ကျိုချက်ပြီးမှသောက်ရန်နှင့် ကလိုရင်းခတ်ထားသောရေကို အသုံးပြုရန်၊ ရေကြီးရေလျှံမှုကြောင့် ညစ်ညမ်းသောရေနှင့် ထိတွေ့ထားသော အစားအစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ရန်၊ ရေကြီးရေလျှံသောနေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ အဖုံးပွင့်နေသော မြောင်းပေါက်များ၊ ရေကြီးရေလျှံနေသော ရေထွက်ပေါက်များကို သတိထားရန်နှင့် မတော်တဆမှုများ မဖြစ်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပို့ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထား”**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 10

### Unit 1 LANGUAGE

**I. Complete the sentences with the appropriate words. The initial letters are given.**

1. Good c___________ helps people understand each other better.
2. His f_________ expression showed that he was surprised.
3. She has fond memories of her b_______.
4. Young children are very r_________ to new languages.
5. Practicing writing every day helps improve your p_______ skills.
6. Learning in one's mother t________ makes studying easier.
7. The main f___________ of a phone is to help people communicate.
8. The red cross is a s_________ of medical aid.
9. V_________ communication is important in teamwork.
10. He waved his hand as a g__________ of goodbye.

**II. Choose the appropriate words or phrases to complete the sentence.**

1. He had a _________ day at work, completing all his tasks.
(A) productive (B) informative (C) receptive
2. _____essays helps students improve their language skills.
(A) Speaking (B) Writing (C) Reading
3. The heart _________ represents love and affection.
(A) verbal (B) non-verbal (C) symbol
4. Nodding and shaking hands are common _________ of agreement.
(A) gestures (B) graphics (C) functions
5. The designer used colourful _________ in the advertisement.
(A) symbols (B) diagram (C) graphics
6. They organized a __________ party for their teacher.
(A) vocal (B) facial (C) farewell
7. He felt deep ________ for missing the opportunity.
(A) apology (B) gratitude (C) regret
8. We should ________ our cultural heritage for future generations.
(A) preserve (B) reserve (C) conserve
9. The ________ instructions were clear and easy to follow.
(A) written (B) spoken (C) expressed
10. We must show _________ to our elders.
(A) thank (B) gratitude (C) respect

**III. Rewrite the sentence according to the instruction given in brackets.**

1. No one saw Min Min enter the classroom. **(Change the sentence into the Passive voice.)**
2. My brother ________ (start) his new job next month. **(Complete the sentence, using the correct tense of the verb in brackets.)**
3. Mother did not buy anything expensive in the market. **(Change the sentence into the passive voice)**
4. Look! The sun ___ (set) behind the mountains. **(Complete the sentence, using the correct tense of the verb in brackets.)**
5. U Khin was a retired teacher. He is volunteering at our school library. **(Join, using nouns in apposition.)**
6. "Could you tell me your parents' names?" the clerk asked me. **(Change the sentence into the reported speech.)**
7. She ___ (not like) spicy food, but today she ___ (try) a spicy dish. **(Complete the sentence, using the correct tense of the verb in brackets.)**
8. "Ko Lay, where were you going when we came to you last night?" said U Moe. **(Change the sentence into the reported speech.)**
9. The Ayeyarwady is the longest river in Myanmar. It flows into the Andaman Sea. **(Join, using nouns in apposition.)**
10. The climate ___ (change) rapidly due to global warming. **(Complete the sentence, using the correct tense of the verb in brackets.)**

******************

**Answers Unit 1 LANGUAGE**

I. 1. communication; 2. facial; 3. babyhood; 4. receptive; 5. productive; 6. tongue; 7. function; 8. symbol; 9. Verbal; 10. gesture;

II.1. (A) productive 2. (B) Writing 3. (C) symbol 4. (A) gestures 5. (C) graphics 6. (C) farewell 7. (C) regret 8. (A) preserve 9. (A) written 10. (C) respect

III.1. Min Min was not seen entering the classroom. 2. is starting 3. Nothing expensive was bought by mother in the market. 4. is setting 5. U Khin, a retired teacher, is volunteering at our school library. 6. The clerk asked me to tell him my parents' names. 7. does not like, is trying 8. U Moe asked Ko Lay where he had been going when they had come to him the previous night/ the night before. 9. The Ayeyarwady, the longest river in Myanmar, flows into the Andaman Sea. 10. is changing

******************

## Grade 11

### Unit 1 THE AYEYARWADY DOLPHINS

**I. Complete the sentences with the appropriate words. The initial letters are given.**

1. The teacher gave a detailed d________ of the experiment before starting it.
2. E________ is a method that temporarily stuns fish, making them easier to catch for research.
3. Various c_________ of endangered species are being implemented worldwide.
4. The fishermen were arrested for using e_________ devices to catch fish illegally.
5. Dolphins are known to be extremely i_______ marine animals.
6. The c___________ cities are at risk of flooding due to rising sea levels.
7. This river provides f________ for millions of people in the region.
8. D_________ are highly social animals that communicate through clicks and whistles.
9. Lobsters, crabs, and shrimp are all examples of c_________.
10. The wildlife s_________ provides a safe habitat for many rare species.

**II. Choose the appropriate words or phrases to complete the sentence.**

1. We walked along the __________ and watched the waves.
(A) coast (B) shore (C) coastal
2. The two countries signed a ________ agreement.
(A) mutual (B) mutually (C) bilateral
3. The food was tested __________ for safety.
(A) science (B) scientific (C)scientifically
4. Good ___________ is built on trust.
(A) friendship (B) relationship (C) companionship
5. She ___________ takes part in class discussions.
(A) actively (B) happily (C)completely
6. Wait here _________ I come back.
(A) before (B) after (C) until
7. Being on time is ___________ important for the meeting.
(A) highly (B) deeply (C) extremely
8. Climbing the mountain was _____difficult, but we did it.
(A) terribly (B) fully (C) deadly
9. Her instructions were __________ clear.
(A) deeply (B) perfectly (C) badly
10. The team has many __________ talented players.
(A) deeply (B) mentally (C) highly
11. ___________ of the boys is my brother.
(A) Either (B) Neither (C) So
12. They explored the _________ cave for hours.
(A) Deep (B) Fresh (C) Salty
13. Tall buildings are common ___________ of the city skyline.
(A) features (B) characteristics (C) descriptions
14. We saw an __________ bird with bright blue feathers.
(A) unusual (B) distinctive (C) outstanding
15. After the storm, everything slowly went back to ______.
(A) usual (B) steady (C) normal

**III. Rewrite the sentence according to the instruction given in brackets.**

1. I enjoy reading books for fun. I enjoy reading books for learning. **(Join the sentences, using both… and.)**
2. She hasn't called. She hasn't emailed. **(Join, using 'neither … or'.)**
3. She will go to the park. She will also study for her exams. **(Join, using 'either … or'.)**
4. Mt. Popa is about 50 km to the Southeast of Bagan. It is an extinct volcano. **(Join, using nouns in apposition.)**
5. "Can you help me with this task?" she asked. **(Change the sentence into the reported speech.)**
6. They _______ (not/like) the new policy at work. **(Complete the sentence, using the correct tense of the verb in brackets.)**
7. He stood __________ (before / after) the mirror and adjusted his tie. **(Complete the sentence, using the correct choice.)**
8. U Kyaw Htoo is a carpenter. He is building our garage right now. **(Join, using nouns in apposition.)**
9. Why (do you smell / are you smelling) the milk? Is it bad? **(Complete the sentence, using the correct tense of the verb in brackets.)**
10. Shwe Sin is known for her beautiful voice. She is a well-known singer. **(Join, using nouns in apposition.)**

**Answers**

**Unit 1 THE AYEYARWADY DOLPHINS**

I. 1. description 2. Electrofishing 3. conservations 4. explosive 5. intelligent 6. coastal 7. freshwater 8. Dolphins 9. crustaceans. 10. sanctuary

II. 1. (A) coast 2. (C) bilateral 3.(C) scientifically 4.(A) friendship 5. (A) actively 6.(C) until 7.(C) extremely 8.(A) terribly 9.(B) perfectly 10.(C) highly 11.(B) Neither 12.(A) deep 13. (B) characteristics 14.(A) unusual 15.(C) normal

III.1. I enjoy reading books both for fun and for learning. 2. She has neither called nor emailed. 3. She will either go to the park or study for her exams. 4. Mt. Popa, an extinct volcano, is about 50 km to the Southeast of Bagan. 5. She asked (me) if I could help her with that task. 6. don't like 7. before 8. U Kyaw Htoo, a carpenter, is building our garage right now. 9. Are you smelling 10. Shwe Sin, a well-known singer, is known for her beautiful voice.

**************

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

**Grade 12**

Unit 1 GOOD MANNERS

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. B___________ loudly in public is considered rude in many cultures.
2. Despite her limited income, she remained c___________, frequently contributing to local food banks.
3. Taking r_____________ for one's actions is a key step toward personal growth and maturity.
4. P__________ in communication can prevent unnecessary misunderstandings and conflict.
5. The teacher observed a significant improvement in the students' b________after the new rules were introduced.
6. The student stood up and spoke r___________, even while disagreeing with the teacher's opinion.
7. The actor became a c____________ after the movie.
8. P_____________ is regarded as a sign of discipline and respect in the corporate world.
9. Many t_____________ today are more socially aware and active than previous generations.
10. Artificial intelligence is rapidly transforming nearly every d_________ of human activity.

**II. Choose the appropriate words or phrases to complete the sentence. (10 marks)**

(1) In Myanmar culture, -------- shoes in a pagoda or in a monastery compound is not allowed.
(A) wearing (B) worn (C) wear

(2) People living in earthquake zones -------- be prepared to protect their lives and properties.
(A) can (B) should (C) must

(3) Every marketer will have -------- for sales and marketing.
(A) possibility (B) responsibility (C) nationality

(4) Many ------- donated offerings to the victims of earthquake.
(A) developers (B) customers (C) charities

(5) Some people prefer -------- medicines to modern ones when suffering from illness.
(A) conventional (B) traditional (C) customary

(6) The one who is ------- shows respect to his or her time and others'.
(A) punctuality (B) punctual (C) punctually

(7) Giving business card to new people they meet is one of the Japanese --------.
(A) cultures (B) greetings (C) departures

(8) Youths today should -------- learn good manners.
(A) conscientiousness (B) conscientious
(C) conscientiously

(9) The heart, the liver and the kidneys are three -------- organs of the human body.
(A) vital (B) important (C) common

(10) An -------- living can lead to happier life without insecurity.
(A) honesty (B) honestly (C) honest

(11) The internet is full of useful -------- .
(A) information (B) knowledge (C) wisdom

(12) Showing -------- makes people like you more.
(A) polite (B) politely (C) politeness

(13) He breathed __________ before speaking.
(A) deeply (B) quickly (C) slowly

**III. Rewrite the sentence according to the instructions given in brackets. (10 marks)**

1. The headmistress said, "How often will you make this mistake I don't like? " **(Change the sentence into the reported speech.)**
2. Do you know the Eiffel Tower? It is the world - famous landmark in France. **(Join the sentences, using ' noun in apposition'.)**
3. Thandar has done her homework and either has Thura. **(Join the sentences, using ' both ----- and'.)**
4. The main artery of the body is joined to the left ventricle. This artery is known as the aorta. **(Join the sentences, using an appropriate relative pronoun.)**
5. The reporter collected the required information and photos. He wrote a news article in the newapaper. **(Rewrite the sentence, using ' before Ving'.)**
6. Mother went shopping. She didn't take her purse. **(Join the sentences, using 'without'.)**
7. Taking notes makes students remember what the teacher says. **(Change the sentence into passive voice.)**
8. If the manager doesn't attend the meeting, his assistant will do it. **(Join the sentences, using ' either ----- or'.)**
9. Daw Mu Mu teaches so patiently that we understand the lessons clearly. **(Rewrite the sentence , using ' such ----- that '.)**
10. If you speak English much, your speaking skill will be fluent. **(Join the sentences, using ' The more/ less / er --, the more / less / er --pattern '.)**
11. I met a man yesterday. The man is from Spain. **(Join the sentences using suitable relative pronoun.)**
12. The movie was exciting. The soundtrack was amazing. **(Use "not only ... but also".)**
13. I met John at the party. He introduced me to everyone. **(Join the sentences, beginning with "It is/ was ... who/ that...".)**
14. You _______ (can / should) bring your own food to the picnic, but it's not necessary. **(Choose the correct alternative.)**
15. He completed the project. He felt a sense of achievement. **(Join the sentences, using Participle Phrases.)**

**IV (A) Write the appropriate words or phrases to complete the lines of verse. (5 marks)**

1. It looks like any building
_____________________,
2. Made of stone and glass and marble,
Made of ____________.
3. But _______________
A camel or a train,
4. Visit _______________,
Feel a hurricane,
5. A world is there for you to share
______________.

**IV (B) Answer the questions in complete sentence. (5 marks)**

1. What does "Manner" refer to?
2. What does "Manners" refer to?
3. What should people say in a good manner when having done a wrong?
4. Where do children acquire manners?
5. Give two good manners that are usually practised in our society?
6. From where do teenagers and young adults acquire ill manners and negative views?
7. What is the current generation responsible for to build a well-manned society?
8. Why are teachers good role models in a school?
9. Why may "Home" be considered the "birthplace" of manners?
10. **What do these lines mean?**
It looks like any building
When you pass it on the street,

**VI.Read the passage.**

The kings of <u>ancient</u> Egypt, known as pharaohs, were pivotal figures who ruled one of history's most remarkable civilizations. Revered as both political leaders and divine representatives, they <u>wielded</u> immense power and were considered mediators between the gods and the people. The title of ' pharaoh ' was first used during the New Kingdom period, though Egyptian rulers existed long before that, starting in the Early Dynastic Period around 3100 BCE. Pharaohs like Khufu, builder of the Great Pyramid of Giza, and Ramses II, known for his architectural achievements and military conquests, left enduring <u>legacies</u>. Other notable rulers included Hatshepsut, one of the few female pharaohs who promoted trade and monumental construction, and Akhenaten, who temporarily introduced <u>monotheism</u> by worshipping Aten, the sun disk. The responsibilities of a pharaoh encompassed governance, military leadership, and religious ceremonies. They commissioned grand temples, statues, and tombs to symbolize their power and ensure their <u>immortality</u>. The influence of Egypt's kings continues to fascinate historians and inspire awe in modern culture.

**(A) Find the bold - faced words in the passage that are similar in meaning in the following. ( 5 marks )**

(1) the belief in a single deity (one god or goddess)
1.--------------------
(2) things inheritted from a predecessor
2. --------------------
(3) existent or occurring in time long past usually tin remote ages
3. --------------------
(4) undeadliness
4. --------------------
(5) commanded, ruled over, especially of a weapon or tool
5. --------------------

**(B) Answer the following questions. Give complete answers. ( 10 marks )**

(6) How were pharaohs, the kings of ancient Egypt, regarded?
(7) When was the title of ' pharaoh ' first used and what does the underlined word refer to?
(8) What did the king called Khufu build and why was the king Ramses II well-known?
(9) Who was the notable female pharaoh and what did Akhenaten introduce?
(10) Why did pharaohs commission grand temples, statues, and tombs?

+++++++++++++

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုအား ကြည့်ရှုအားပေး

ဘားအံ ဇွန် ၁၅

ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့ကို သန့်ရှင်းသာယာလှပသော အစိမ်းရောင်ခရီးသွားမြို့တော်ဖြစ်စေရေး မြို့အင်္ဂါရပ်များနှင့်အညီ Green City၊ Clean City ဖြစ်စေရေးအတွက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်ပြီး ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ အခါအားလျော်စွာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘားအံတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံတက္ကသိုလ် Main ဆောင်အရှေ့ဘက်ခြမ်း၊ ဘားအံတက္ကသိုလ် Main ဆောင်ညာဘက်ခြမ်းနှင့် ဘယ်ဘက်ခြမ်း၊ ဘူမိဗေဒဌာနအနောက်ဘက်ခြမ်း၊ ဆရာ ဆရာမဆောင် အရှေ့ဘက်ခြမ်းနှင့် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဝန်းကျင်တို့တွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုစုပေါင်း ၁၀၄၅ ဦးခန့်ဖြင့် ယာဉ်ယန္တရားများအသုံးပြု၍ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းများကို လှည့်လည်ကြည့်ရှုအားပေးရာ ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ စိုးစိုးအေးက တက္ကသိုလ်ပရိဝုဏ်အတွင်း သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် အခြေခံအဆောက်အအုံ တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး တက္ကသိုလ်ပရိဝုဏ်အား သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်ကောင်းဖြစ်အောင် အစဉ်ဖန်တီးပေးကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

**နေပြည်တော် ဇွန် ၁၅**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄) သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄) သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးဝေကာ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်၌ မိုးကြိုသီးနှံမျိုးစုံ ဧက ၅၀၀၀၀ကျော် စိုက်ပျိုးပြီးစီး

ကျောက်ဆည် ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးကြိုသီးနှံမျိုးစုံ ၅၂၇၁၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် မိုးကြိုသီးနှံများစိုက်ပျိုးရာတွင် နှမ်းစပါး၊ နှမ်းနှမ်း၊ မိုးကြိုပဲတီစိမ်း၊ ငရုတ်နှင့်ဟင်းသီးဟင်းရွက်တို့ကို အဓိက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မိုးကြိုသီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနမှ စိုက်ပျိုးရေများ ပေးဝေလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသအလိုက်ကိုက်ညီသည့် မျိုးစေ့များ၊ စိုက်ပျိုးနည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းသိရသည်။

**သက်မောင်**
**(ကျောက်ဆည်)**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**



# ကျိုက်လတ်၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများဆောင်ရွက်

ကျိုက်လတ် ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ရွှေရောအောင်ခန်းမ၌ ယနေ့နံနက်ပိုင်းက သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဒုက္ခသည်များအား ယာယီကယ်ဆယ်ရေးစခန်းများတွင် စီစဉ်ထားရန်အတွက် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်နိုင်နှင့်အဖွဲ့ဝင်များအား မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်လင်းက သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြသခဲ့သည်။

ထို့နောက် ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦး နှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ လူမှုရေးသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ မော်တော်ယာဉ်များ၊ လူနာတင်ယာဉ်များ၊ ဆေးဝါးပစ္စည်းများနှင့် ကုသရေးအဖွဲ့များ၊ သောက်ရေနှင့်ရိက္ခာများအား အဆင်သင့်ပြင်ဆင် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေနွေးငွေ့မှသည် ဆီလီကွန်ဆီသို့

❒ နီဇော်သစ်

“ရေနွေးငွေ့အင်ဂျင်များသည် စက်မှုခေတ်ကို လမ်းဖွင့်ပေးခဲ့ပြီး မိုက်ခရိုချစ်ပ်များသည် သတင်းနည်းပညာခေတ်ကို လမ်းဖွင့်ပေးခဲ့သည်”ဟု အဆိုရှိသည်။ အထွေထွေသုံးနည်းပညာများသည် ထုတ်လုပ်မှုကို ကြီးကြီးမားမား ခုန်တက်သွားစေပြီး ယဉ်ကျေးမှုကြီးများ ပြောင်းလဲသွားအောင် ပါဝါပြန်လည်ဖြန့်ဝေမှုများလုပ်နိုင်ကြောင်း ရှေ့တွင် တင်ပြခဲ့သည်။ ထိုသို့တင်ပြခဲ့ရာတွင် ယခု ဒုတိယမြောက် စက်မှုတော်လှန်ရေးခေတ် သို့မဟုတ် စက်မှုခေတ် အထွေထွေသုံးနည်းပညာများအကြောင်း အထိ ရောက်ခဲ့ပြီဖြစ်၍ သတင်းခေတ်သို့ရောက်စေမည့် တတိယမြောက် စက်မှုတော်လှန်ရေးကို ဆက်သွားရတော့မည်ဖြစ်သည်။ သို့သော် ဤနေရာတွင် သတင်းခေတ်ဖြစ်စေသည့် အထွေထွေသုံးနည်းပညာများသို့ တိုက်ရိုက်မသွားဘဲ ကြားထဲတွင် တံတားခင်းပေးသည့် နည်းပညာအချို့အကြောင်း မိတ်ဆက်ထားမှ ဇာတ်ရည်လည်မည်ဟု ထင်ပါသည်။

အားကောင်းသည့် အထွေထွေသုံးနည်းပညာတစ်ရပ်ဖြစ်သော ရေနွေးငွေ့အင်ဂျင်များသည် ၁၈ ရာစုနှောင်းပိုင်းတွင် ပထမစက်မှုတော်လှန်ရေးကိုဖြစ်စေသည်။ မီးရထား၊ မီးသင်္ဘောများ ပေါ်လာပြီး သယ်ယူပို့ဆောင်ရေးကို ပိုမိုလျင်မြန်သွားစေသလို ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ပုံစံကိုလည်း ကြီးကြီးမားမားပြောင်းလဲခဲ့သည်။ စက်မှုခေတ်လုပ်သားတို့ ပေါ်ထွက်လာစေပြီး လုပ်အားပုံစံလည်း ပြောင်းလဲလာခဲ့သည်။ “စက်မှုတော်လှန်ရေးဆိုတာက ကိရိယာတန်ဆာပလာတွေ မဟုတ်ဘူး။ အသိဉာဏ်ပညာ။ စွမ်းအင်နဲ့ ဒြပ်ပစ္စည်းတွေကို နည်းလမ်းအသစ်နဲ့ ဘယ်လိုသုံးရမလဲဆိုတာကို သိလာတာ”ဟု စီးပွားရေးသမိုင်းပညာရှင် ဂျိုဝဲလ် မော့ကီးရ် ပြောခဲ့သလိုပင်။

ထိုနည်းပညာများသည် ၂၀ ရာစု အလယ်ပိုင်းဝန်းကျင်တွင် ပေါ်ထွက်လာခဲ့သည်။ အချို့က အထွေထွေသုံးနည်းပညာအဆင့်မရှိ။ သို့သော် အရေးကြီးသည့် အခန်းကဏ္ဍများမှ ပါဝင်ခဲ့သည်။ ထိုနည်းပညာများထဲတွင် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် အီလက်ထရွန်နစ် ထိန်းချုပ်စနစ်များ ပါဝင်သည်။ နောက်ပိုင်းတွင် အထွေထွေသုံးနည်းပညာတစ်ရပ်ဖြစ်လာမည့် ကွန်ပျူတာတို့၏ ပထမဆုံးခြေလှမ်းလည်း ပါဝင်သည်။ ဆိုရလျှင် ဒစ်ဂျစ်တယ်သတင်းအချက်အလက်လည်ပတ်မှုကို အုတ်မြစ်ချခဲ့သည့် နည်းပညာများဖြစ်သည်။



ပထမဆုံး အိုင်စီများထဲမှ တက္ကဆက် အင်စထရူးမင့်က တီထွင်ခဲ့သော အိုင်စီတစ်လုံး။

နောက်ထပ် ပေါင်းကူးနည်းပညာတစ်ခုမှာ ပါဝင်ပစ္စည်းများကို ကျုံ့နိုင်သမျှ ကျုံ့အောင်လုပ်သည့် နည်းပညာဖြစ်သည်။ ထိုနည်းပညာနှင့် တစ်ပိုင်းလျှပ်ကူးဒြပ်ပစ္စည်းတို့ ပေါင်းစပ်သွားချိန်တွင် ခေတ်တစ်ခေတ်ဖြစ်လာသည်။ ဆီလီကွန်ခေတ်ဖြစ်သည်။ တစ်ပိုင်းလျှပ်ကူးဆိုသည်မှာ လျှပ်ကူးပစ္စည်းနှင့် လျှပ်ကာပစ္စည်းတို့ကြားမှ လျှပ်စစ်ကို တစ်စိတ်တစ်ပိုင်းသာ ဖြတ်သန်းခွင့်ပေးသော ဒြပ်ပစ္စည်းများဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် တစ်ပိုင်းလျှပ်ကူးဒြပ်ဝတ္ထုတစ်မျိုးဖြစ်သည့် ဂျာမေနီယံမှ ပထမဆုံး ထရန်စစ္စတာကို တီထွင်နိုင်ချိန်တွင် အချိုးအကွေ့တစ်ခုဖြစ်ခဲ့သည်။

နောက်ပိုင်းတွင် ဂျာမေနီယံထက် ပိုမိုပေါများပြီး အားထား၍လည်းရသော ဆီလီကွန်များကို သုံးလာသည်။ ၁၉၅၈ ခုနှစ်တွင် အိုင်စီဟုခေါ်သော အင်တီဂရိတ်တစ် ဆားကစ်များ ထွက်ပေါ်လာသည်။ ချစ်ပ်ပြားလေးတစ်ခုတည်းပေါ်တွင် လျှပ်စီးပတ်လမ်းတစ်ခုလုံး ထည့်ထားသည့်နည်းဖြစ်သည်။ ဘဲလ်ဓာတ်ခွဲခန်းအစီရင်ခံစာတွင် “ဒီကိရိယာလေးက လက်မရဲ့ လက်သည်းခွံလောက်တောင် မကြီးပါဘူး။ ဒါပေမဲ့ ဆစ်ဂနယ်တွေကို ချဲ့ပေးနိုင်ပြီး အဖွင့်အပိတ် လုပ်ပေးနိုင်တယ်”ဟု ဖော်ပြထားသည်။ နောက်ပိုင်း ကွန်ထရိုလာများ၊ စီပီယူများဖြစ်လာမည့် ခြေလှမ်းအစလည်းဖြစ်သည်။ အီလက်ထရွန်နစ်နည်းပညာမှ မိုက်ခရိုအီလက်ထရွန်နစ်နည်းပညာသို့ အကူးအပြောင်းလည်းဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် အင်တဲလ်တွဲဖက်တည်ထောင်သူ ဂေါ်ဒွန်မိုးက ချစ်ပ်တစ်ခုပေါ်တွင် ထရန်စစ္စတာ ပါဝင်နိုင်သည့် အရေအတွက်သည် အကြမ်းဖျင်း ၁၈ လမှ ၂၄ လအတွင်း နှစ်ဆတိုးလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သည်။ ထိုစကားမှာ မိုးနိယာမအဖြစ် ကျော်ကြားသည်။ နောက်ပိုင်းတွင် လက်သည်းခွံလောက် ချစ်ပ်လေးပေါ်၌ ထရန်စစ္စတာ လုံးရေသန်းနှင့်ချီပြီး ထည့်သွင်းနိုင်လာသည်။ မိုးနိယာမသည် နာနိုနည်းပညာခေတ်ထဲရောက်ပြီး ထရန်စစ္စတာများ အက်တမ်ထက် ၁၀ ဆမျှသာ ကြီးတော့သော အနေအထား၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆုံးအကန့်အသတ်သို့ ရောက်ချိန်အထိ မှန်ကန်ခဲ့သည်။

ထို့ကြောင့် ခြုံကြည့်လျှင် ၁၈ ရာစုနှောင်းပိုင်းမှ ၂၀ ရာစု အစောပိုင်းအထိ နှစ်ပေါင်း ၁၀၀ ကျော်အတွင်း အထွေထွေသုံးနည်းပညာလေးခု ပေါ်ထွက်ခဲ့ပြီး စက်မှုတော်လှန်ရေးနှစ်ခုဖြစ်ခဲ့သည်မှာ ရှေ့က အထွေထွေသုံးနည်းပညာများ ပေါ်ထွက်ခဲ့သည့် ကာလများနှင့်ယှဉ်လျှင် အလွန်လျင်မြန်သော အကူးအပြောင်းများဟုဆိုနိုင်သည်။ ဒုတိယမြောက် စက်မှုတော်လှန်ရေးမှ တတိယမြောက် စက်မှုတော်လှန်ရေးအကူးအပြောင်းတွင်မူ နည်းပညာကွာဟချက်ကြီးမားလှသည်ကို မြင်ရသည်။ ဆိုလိုသည်မှာ ပထမဆုံးစက်မှုတော်လှန်ရေးသည် ရေနွေးငွေ့အင်ဂျင်များဖြင့်စတင်ခဲ့ပြီး ဒုတိယမြောက် စက်မှုတော်လှန်ရေးသည် လျှပ်စစ်အင်ဂျင်များ၊ လောင်ကျွမ်းအားသုံးအင်ဂျင်များ အစားထိုးထွက်ပေါ်လာခြင်းဖြစ်ရာ ပုံစံချင်းသိပ်မကွာလှပေ။

သတင်းခေတ်ကို ဖြစ်စေသည့် တတိယမြောက် စက်မှုတော်လှန်ရေးမှာ ပုံစံလုံးဝကွဲပြားသွားသည်။ ထိုကွာဟချက်အတွင်း ပေါင်းကူးနည်းပညာများကို မမြင်လျှင် လျှပ်စစ်နည်းပညာ၊ လောင်ကျွမ်းအားသုံးအင်ဂျင်နည်းပညာ၊ ရေနံဓာတုနည်းပညာဆိုသည့် အထွေထွေသုံးနည်းပညာတို့မှ သတင်းခေတ်၏ အသက်သွေးကြောဖြစ်သော ကွန်ပျူတာ၊ အင်တာနက်များ မည်ကဲ့သို့ဖြစ်လာသည်ဟု ဇဝေဇဝါဖြစ်လာနိုင်သည်။ ထို့ကြောင့် ပေါင်းကူးနည်းပညာများအကြောင်း ထည့်သွင်းဆွေးနွေးရခြင်းဖြစ်သည်။

ပုံစံကိုကြည့်လျှင် ပထမဆုံးစက်မှုတော်လှန်ရေးကို ဒုတိယမြောက်စက်မှုတော်လှန်ရေးက အစားထိုးလိုက်သည်ဟု မြင်နိုင်သည်။ ယနေ့ခေတ်အနေအထားအထိ ဖြစ်လာသမျှကိုကြည့်လျှင် တတိယမြောက် စက်မှုတော်လှန်ရေးသည် ဒုတိယမြောက် စက်မှုတော်လှန်ရေးကို အစားထိုးလိုက်ခြင်းမျိုး မဟုတ်။ ဆင့်ကဲတိုးတက်လာခြင်းသာဖြစ်သည်။ ဆိုလိုသည်မှာ ဒုတိယမြောက်စက်မှုတော်လှန်ရေး၏ အထွေထွေသုံးနည်းပညာများသည် ယနေ့အထိ (ပုံစံပြောင်းသွားသည်မှလွဲ၍) အစားထိုးခံရခြင်း မရှိသည်ကို တွေ့နိုင်သည်။ ယင်းကို ရေဒီယို၊ ရုပ်မြင်သံကြားကဲ့သို့ ဆိုက်ဘာနက်တစ်နည်းပညာ၊ ကျုံ့နိုင်သမျှ ကျုံ့အောင်လုပ်သည့် နည်းပညာတို့ကဲ့သို့ ပေါင်းကူးနည်းပညာများတွင်ပါ တွေ့ရသည်။

ထို့ကြောင့် တတိယမြောက်စက်မှုတော်လှန်ရေးဖြစ်လာစေမည့် သတင်းနည်းပညာသည် ရှေ့က နည်းပညာများအပေါ်တွင် အထိုင်ချထားသည်။ ရှေ့မှ နည်းပညာတို့သည် ရုပ်ကြွင်းများဖြစ်သွားသည်မဟုတ်။ အခြေခံအုတ်မြစ်များဖြစ်ကြသည်။ တိုင်းပြည်နိုင်ငံတစ်ခုအနေဖြင့် လျှပ်စစ်နည်းပညာ၊ လောင်ကျွမ်းအားသုံး အင်ဂျင်နည်းပညာ၊ ရေနံဓာတုနည်းပညာတို့ကဲ့သို့ အခြေခံအုတ်မြစ်များရှိမထားဘဲ သတင်းနည်းပညာခေတ်သို့ တက်လှမ်းရန် ကြိုးစားမည်ဆိုလျှင် အလှမ်းကျယ်၍ အလယ်လပ်သည့် ပုံစံမျိုးဖြစ်နိုင်သည်ဆိုသော အခြေခံသဘောတရားတစ်ခုကို တွေ့ရမည်ဖြစ်သည်။

## ဒုတိယမြောက် အပူဆုံး မေလအဖြစ် မှတ်တမ်းဝင်



© YURI KOCHETKOV/EPA-EFE/Shutterstock

ယခုနှစ် မေလသည် ဒုတိယမြောက် အပူဆုံး မေလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဥရောပသမဂ္ဂ၏ ကိုပါးနီးကပ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။ မေလအတွင်း တစ်ကမ္ဘာလုံးပျမ်းမျှအပူချိန်သည် ၆၀ ဒသမ ၄၂ ဒီဂရီဖာရင်ဟိုက်ရှိခဲ့သည်ဟုဆိုသည်။

ယင်းမှာ ယမန်နှစ် မေလ၏ ပျမ်းမျှအပူချိန် ၆၀ ဒသမ ၆ ဒီဂရီ ဖာရင်ဟိုက်အောက် လျော့နည်းခဲ့သည်။ သို့သော် သမိုင်းတစ်လျှောက် အပူဆုံးဖြစ်နေသည့် ယခုနှစ်များအတွင်း အပူချိန်မူမမှန်မှုများအပေါ်တွင် သိပ္ပံပညာရှင်များက စိတ်ပူနေကြသည်။

ယခုနှစ် ငါးလအတွင်း တိုင်းတာရရှိမှုများအရ ဒုတိယမြောက် အပူဆုံး ဧပြီလ၊ ဒုတိယမြောက် အပူဆုံး မတ်လ၊ တတိယမြောက်အပူဆုံး ဖေဖော်ဝါရီလနှင့် အပူဆုံး ဇန်နဝါရီလတို့ကို ကျော်ဖြတ်ခဲ့ရပြီဖြစ်သည်။ သို့သော် ပြီးခဲ့သည့် မေလသည် သိပ္ပံပညာရှင်များ စံနှုန်းသတ်မှတ်ထားသည့် စက်မှုခေတ်မတိုင်ခင် အပူချိန်ထက် ၂ ဒသမ ၇ ဒီဂရီဖာရင်ဟိုက် (၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်) အောက်သို့တော့ ပြန်ရောက်သွားခဲ့သည်။

၂၀၁၆ ခုနှစ် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်တွင် နိုင်ငံ့ခေါင်းဆောင်များက ကမ္ဘာ့ပျမ်းမျှအပူချိန်ကို စက်မှုခေတ်မတိုင်ခင်ကာလထက် ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်အောက်တွင်သာ ထိန်းထားရန် သဘောတူညီခဲ့ကြသည်။ သို့သော် ထိုစံနှုန်းမှာ ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် စတင်ကျော်ဖြတ်ခံခဲ့ရပြီး ၂၀၂၄ ခုနှစ် ဇွန်လအထိ ကျော်လွန်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်အောက် တစ်ချက်ရောက်သွားခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်ကာ ပြန်ကျော်သွားခဲ့ရာ ၂၀၂၅ ခုနှစ် ဧပြီလအထိပင်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် မေလသည် ဒုတိယအပူဆုံး မေလအဖြစ် မှတ်တမ်းဝင်သွားသည့်တိုင် စံနှုန်းအပူချိန်၏အောက်သို့ ပြန်ရောက်သွားခဲ့ခြင်းလည်း ဖြစ်သည်။ သို့သော် သိပ္ပံပညာရှင်များမှ မကြာမီမှာပင် စံနှုန်းကို ပြန်ကျော်သွားမည်ဟု သုံးသပ်ထားကြသည်။

Ref: DailyMail

# ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာတွင် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

တာမွေ ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီမှ ပညာရေးကော်မတီက ကြီးမှူးကျင်းပသည့် "လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲ" အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိရန်ကုန်တိုင်းဒေသကြီးလူငယ်စင်တာ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်လေးများက လူငယ်နှင့် အားကစား၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများအား မြန်မာ့သိုင်းအဖွဲ့က ဖျော်ဖြေတင်ဆက်ခဲ့ပြီး သိပ္ပံနှင့်နည်းပညာကော်မတီက AI အကြောင်းနှင့် ယနေ့ခေတ် လူငယ်များအတွက် သိရှိလိုက်နာဆောင်ရွက်ထားသင့်သည့် 5 Quotients နှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်လေးများက ဥာဏ်စမ်းမေးခွန်းများကို ဖြေဆိုခဲ့ကြသည်။

ဆက်လက်ပြီး ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လှိုင်က ကော်မတီ၏လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး အခမ်းအနားသို့ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်လေးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



# မြဝတီမြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

မြဝတီ ဇွန် ၁၅

မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီတွင် စိုက်ပျိုးရေးဇုန် အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက ရပ်ကွက်နေပြည်သူများအနေဖြင့် မိမိတို့၏ အားလပ်ချိန်များတွင် သုတ/ရသ စာအုပ်စာပေတို့ကို လေ့လာဖတ်ရှုသင့်ကြောင်း ဟောပြောခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ဇင်ဟိန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသည် ပြည်သူလူထု တစ်ဦး/တစ်ယောက်ချင်းစီ၏ တာဝန်ဖြစ်၍ လူတိုင်းသတိပြုကြရမည်ဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ "ပတ်ဝန်းကျင် သာယာလှပစေဖို့ ပလတ်စတစ်အမှိုက်ကင်းစင်ရေး ဆောင်ရွက်စို့" အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကသာခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်း ကျင်းပ

ကသာ ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများ အသင်းတို့ ပူးပေါင်းကာ စာရေးဆရာ ဥသြ (ချယ်ရီမြေ) ရေးသားသည့် "လှေကားထစ်များ" ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

စာဖတ်ဝိုင်း ပြုလုပ်ရာတွင် ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းအိအိဖြိုးက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ ဥသြ (ချယ်ရီမြေ) ရေးသားသည့် "လှေကားထစ်များ" ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးခဲ့သည်။ ဆက်လက်၍ Book Club အဖွဲ့ဝင် မောင်သူရစံနှင့် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသော စာပေချစ်မြတ်နိုးသူများက ဆောင်းပါးနှင့်ပတ်သက်၍ မိမိတို့၏ အတွေးအမြင်ရသများကို ဆွေးနွေးခဲ့ကြသည်။

ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ကသာမြို့နယ် စာရေးဆရာအသင်း၊ Book Club အဖွဲ့ဝင်များ၊ စာပေချစ်မြတ်နိုးသူများနှင့်ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းကို လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲလင်းထွန်း(ကသာ)**



# ကန့်ဘလူမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ပြုလုပ်

ကန့်ဘလူ ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိမည့် စာပေများကို လေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေဖတ်ရှုခြင်းကြောင့် အတွေးအခေါ်မြင့်မားလာပြီး အသိပညာဗဟုသုတများရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်နှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန် မိမိတို့ကြိုက်နှစ်သက်သည့် အားကစားနည်းများကိုလည်း လေ့ကျင့်ကြရန်၊ ပြည်သူ့စာကြည့်တိုက်တွင် အသင်းဝင်၍ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ပုံများကို ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် သုတ၊ ရသစာအုပ်များ၊ အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# PIU College ၏ Grand Opening Ceremony ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၅

Parami Internation PIU College ၏ Grand Opening Ceremony ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် ပါရမီလမ်းမပေါ်ရှိ PIU College ကောလိပ်၌ ကျင်းပသည်။

"ဒီမှာ ကျောင်းသား ကျောင်းသူတွေကို ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုတွေ၊ Facilities တွေ ပံ့ပိုးပေးဖို့အတွက် ရွှေးချယ်ပြင်ဆင်ပြီးတော့ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ Campus Grand Opening အနေနဲ့ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ပညာရေးအပေါ်မှာအာရုံစိုက်ပြီးတော့ ကောင်းမွန်တဲ့ ပညာရေးပေးခြင်းအားဖြင့် ဖြတ်သန်းခဲ့တာဖြစ်ပါတယ်။

ဒီကျောင်းမှာဆိုရင် MBA ကျောင်းသားတွေ အများကြီးကို မွေးထုတ်ခဲ့ပြီဖြစ်ပါတယ်" ဟု PIU College ၏ Head of Campus မှ ဦးညီမင်းဌေးက ပြောသည်။

အဆိုပါ အခမ်းအနားတွင် PIU College ၏ Grand Opening Ceremony ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ဝါရင့်ပါမောက္ခတစ်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် PIU College ကောလိပ် ဖွင့်လှစ်ရခြင်းနှင့် ပညာရေးအခွင့်အလမ်းများ အကြောင်းကို ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ဘယ်ကစားသမားတွေ ပြောင်းရွှေ့ခဲ့ကြသလဲ

ဘောလုံးရာသီတစ်ရာသီ ပြီးဆုံးပြီဆိုတာနဲ့ ဆုဖလားဆွတ်ခူးနိုင်ခဲ့တဲ့အသင်းတွေက လာမယ့်ရာသီမှာ လက်ရှိချန်ပီယံဆိုတဲ့ဂုဏ်ပုဒ်ကို ဆက်ထိန်းထားနိုင်ရေး၊ အောင်မြင်မှုနဲ့ဝေးကွာခဲ့ရတဲ့အသင်းတွေကလည်း လာမယ့်ရာသီ အောင်မြင်မှုနဲ့ ရာသီကုန်ဆုံးနိုင်ရေး စတဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေနဲ့ အသင်းနဲ့ အံဝင်မယ့် နည်းပြအပြောင်းအလဲ၊ ကစားသမားအပြောင်းအလဲတွေကို ပြုလုပ်ကြပါတယ်။

အဲဒီလို အပြောင်းအလဲလုပ်တဲ့နေရာမှာ အသင်းအတွက် အမှန်တကယ် အသုံးဝင်မယ်လို့ ယုံကြည်ရတဲ့ ကစားသမားဆိုရင် စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့လည်း ခေါ်ယူလေ့ရှိကြပြီး နှစ်စဉ်နှစ်တိုင်း စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့တဲ့ကစားသမား အနည်းဆုံး တစ်ဦးဒါမှမဟုတ် နှစ်ဦး၊ သုံးဦးအထိလည်း ထွက်ပေါ်လေ့ရှိကြပါတယ်။

ဒီနှစ်မှာတော့ ဂျာမနီကြယ်ပွင့် ဖလော်ရီယန်ဝု့ါဇ်ဟာ လက်ရှိအချိန်မှာ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ လေဗာကူဆင်အသင်းကနေ လီဗာပူးအသင်းဆီကို ပြောင်းရွှေ့ကစားဖို့သဘောတူထားတာလည်းဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဂျာမနီတိုက်စစ်ကွင်းလယ်ကစားသမား ဖလော်ရီယန်ဝု့ါဇ်ကို လေဗာကူဆင်အသင်းဆီကနေ ကနဦးပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ အပြင် ထပ်ဆောင်းပေးငွေ ပေါင် ၁၆ သန်းပေးပြီး ခေါ်ယူမှာဖြစ်လို့ စုစုပေါင်းပြောင်းရွှေ့ကြေး ပေါင် ၁၁၆ သန်းအထိ ရှိလာမှာဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ ဖလော်ရီယန်ဝု့ါဇ်ကို ပေါင် ၁၁၆ သန်းပေးပြီး ခေါ်ယူမယ့် အပြောင်းအရွှေ့ဟာ လီဗာပူအသင်းအတွက် အသင်းရဲ့ စံချိန်တင်စာချုပ်ချုပ်ဆိုခြင်း၊ ဂျာမနီဘောလုံးကစားသမားတစ်ဦးအတွက် ပြောင်းရွှေ့ကြေးအမြင့်ဆုံးဖြစ်ခြင်းနဲ့ ဘွန်ဒက်လီဂါကလပ်အသင်းတစ်သင်းအတွက် ဈေးအကြီးဆုံးရောင်းချရခြင်း စတဲ့မှတ်တမ်းကောင်းတွေကိုလည်း ရရှိမှာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ကမ္ဘာ့ဒုတိယဈေးအကြီးဆုံး ဂိုးသမား အဲလစ်ဆင်နဲ့ ကမ္ဘာ့ဒုတိယဈေးအကြီးဆုံး နောက်တန်းကစားသမား ဗန်ဒိုက်တို့ကိုလည်း ခေါ်ယူထားပြီးဖြစ်ပါတယ်။

၂၀၂၃ ခုနှစ်အတွင်းက ချယ်လ်ဆီးအသင်းဟာ ဘင်ဖီကာကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်ကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၁၀၇ သန်းပေးပြီးခေါ်ယူခဲ့တာကြောင့် အန်ဇိုဖာနန်ဒက်ဇ်က ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမားဖြစ်ပြီး ကိုင်ဆီဒိုကိုလည်း ကနဦးပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀၊ ထပ်ဆောင်းပေးငွေ ပေါင် ၁၅ သန်း စုစုပေါင်း ၁၁၅ သန်းဖြင့် ချယ်လ်ဆီးအသင်းက ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဖလော်ရီယန်ဝု့ါဇ်ဟာ ပေါင် ၁၁၆ သန်းရရှိမှာဖြစ်လို့ ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေး ဒုတိယအမြင့်ဆုံးကစားသမားဖြစ်လာတော့မှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဖလော်ရီယန်ဝု့ါဇ်ရဲ့ ကနဦးပြောင်းရွှေ့ကြေးဟာ ပေါင်သန်း ၁၀၀ ဖြစ်တာကြောင့် ၂၀၁၇ ခုနှစ်အတွင်းက တိုက်စစ်မှူး နေမာကို ဘာစီလိုနာအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀၀ နဲ့ ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့တာဖြစ်လို့ ဖလော်ရီယန်ဝု့ါဇ်ရဲ့ ပြောင်းရွှေ့ကြေးဟာ တိတိကျကျပြောရရင် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးရဲ့ တစ်ဝက်သာရှိခဲ့တာ ဖြစ်ပါတယ်။

ဒီကလန်ရိုက်ဟာ ဝက်စ်ဟမ်းအသင်းကနေ အာဆင်နယ်အသင်းဆီ ကနဦးပြောင်းရွှေ့ကြေးအပါအဝင် ပေါင် ၁၀၅ သန်းနဲ့ပြောင်းရွှေ့ခဲ့ပြီး ဂျက်ဂရီယယ်လစ်ရှ်က အက်စ်တွန်ဗီလာအသင်းကနေ မန်စီးတီးအသင်းဆီ ပေါင်သန်း ၁၀၀ နဲ့ပြောင်းရွှေ့ခဲ့တာကြောင့် ဒီကလန်ရိုက်နဲ့ ဂရီယယ်လစ်ရှ်တို့ဟာ ၂၀၂၂ ခုနှစ်က အပြောင်းအရွှေ့ဈေးကွက်မှာ ဗြိတိန်စံချိန်တင်ခဲ့တာဖြစ်ပါတယ်။

ဒါ့ပြင် မန်ယူအသင်းက ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာကို ပေါင် ၈၉ သန်း၊ အေဂျက်တောင်ပံကစားသမား အန်တိုနီကို ပေါင် ၈၂ သန်း၊ လက်စတာစီးတီးနောက်ခံလူ မက်ဂွိုင်းယားကို ပေါင်သန်း ၈၀ ပေးပြီး ခေါ်ယူခဲ့ချိန်မှာ ချယ်လ်ဆီးအသင်းကလည်း အင်တာမီလန်တိုက်စစ်မှူး လူကာကူကို ပေါင် ၉၇ ဒသမ ၅ သန်းနဲ့ စံချိန်တင်ခေါ်ယူခဲ့တာဖြစ်ပါတယ်။



လက်ရှိအနေအထားအရ ဒီကလန်ရိုက်နဲ့ ဂရီယယ်လစ်ရှ်တို့ဟာ အပြောင်းအရွှေ့ဈေးကွက်မှာ ဗြိတိန်ရဲ့ တန်ဖိုးအကြီးဆုံး ကစားသမားတွေအဖြစ် ပူးတွဲရပ်တည်နေတာ ဖြစ်ပါတယ်။

၂၀၂၃ ခုနှစ်အတွင်းက ဒေါ့မွန်အသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းဆီကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၈၈ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့ခဲ့တဲ့ ဘယ်လင်ဂမ်၊ အဲဒီနောက် စပါးအသင်းကနေ ဘိုင်ယန်မြူးနစ်အသင်းဆီကို ပြောင်းရွှေ့ကြေး ပေါင် ၈၆ ဒသမ ၄ သန်းနဲ့ ပြောင်းရွှေ့ခဲ့တဲ့ အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်း၊ ၂၀၁၃ ခုနှစ်အတွင်းက စပါးအသင်းကနေ ရီးယဲလ်မက်ဒရစ် အသင်းဆီ ပြောင်းရွှေ့ကြေး ပေါင် ၈၅ သန်းနဲ့ပြောင်းရွှေ့ခဲ့တဲ့ ဂါရက်ဘေးလ်တို့ဟာ ဗြိတိန်ရဲ့ ပြောင်းရွှေ့ကြေးအမြင့်ဆုံး ကစားသမားတွေအဖြစ် အသီးသီးရပ်တည်နေတာဖြစ်ပါတယ်။

လက်ရှိအချိန်အထိ ကမ္ဘာ့ပြောင်းရွှေ့ကြေး အမြင့်ဆုံးကစားသမားအဖြစ် ရပ်တည်နေတဲ့ကစားသမား နှစ်ဦးကတော့ နေမာနဲ့ အမ်ဘတ်ပီတို့ပဲ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်က တိုက်စစ်မှူးနေမာကို ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀၀ နဲ့ ခေါ်ယူခဲ့တဲ့အပြင် မိုနာကိုတိုက်စစ်မှူး အမ်ဘတ်ပီကိုလည်း ပီအက်စ်ဂျီအသင်းက ပြောင်းရွှေ့ကြေးပေါင် ၁၆၅ ဒသမ ၇ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

ဂိုးသမားတွေထဲမှာ ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမားကတော့ ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၇၁ သန်းနဲ့ ခေါ်ယူထားတဲ့ ဂိုးသမားကီပါဖြစ်ပါတယ်။

နောက်တန်းကစားသမားတွေထဲမှာဆိုရင်တော့ ၂၀၁၉ ခုနှစ်အတွင်းက မန်ယူအသင်းက ပေါင် သန်း ၈၀ နဲ့ခေါ်ယူခဲ့တဲ့ မက်ဂွိုင်းယား၊ ၂၀၂၃ ခုနှစ်အတွင်းက မန်စီးတီးအသင်းက ပေါင် ၇၇ သန်းနဲ့ ခေါ်ယူခဲ့တဲ့ ခရိုအေးရှားနောက်ခံလူ ဂျီဗာဒီယိုးလ်၊ လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကနေ ပေါင် ၇၅ သန်းနဲ့ခေါ်ယူခဲ့တဲ့ နယ်သာလန်နောက်ခံလူ ဗန်ဒိုက်၊ ချယ်လ်ဆီးအသင်းက ပေါင် သန်း ၇၀ နဲ့ ခေါ်ယူခဲ့တဲ့ လက်စတာနောက်ခံလူ ဖိုဖာနာ၊ ၂၀၁၉ ခုနှစ်အတွင်းက ဘိုင်ယန်မြူးနစ်အသင်းက ပေါင် ၆၈ သန်းနဲ့ ခေါ်ယူခဲ့တဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းနောက်ခံလူ လူးကတ်ဟာနန်ဒက်ဇ်တို့ဟာ ပြောင်းရွှေ့ကြေးအမြင့်ဆုံး နောက်တန်းကစားသမားတွေအဖြစ် အသီးသီးရပ်တည်နေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားတွေထဲမှာတော့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ချယ်လ်ဆီးအသင်းက ပေါင် ၁၀၇ သန်းနဲ့ ခေါ်ယူခဲ့တဲ့ အန်ဇိုဖာနန်ဒက်ဇ်က တန်ဖိုးအမြင့်ဆုံးဖြစ်ပြီး အဲဒီနောက်မှာ ၂၀၁၈ ခုနှစ်အတွင်းက လီဗာပူးအသင်းဆီကနေ ဘာစီလိုနာအသင်းက ပေါင် ၁၀၅ သန်းနဲ့ ခေါ်ယူခဲ့တဲ့ ကော်တင်ဟို၊ ကနဦးပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ နဲ့ အသင်းကိုယ်စီ ပြောင်းရွှေ့ခဲ့ကြတဲ့ ကိုင်ဆီဒို၊ ဒီကလန်ရိုက်၊ ဖလော်ရီယန်ဝု့ါဇ်နဲ့ ဂရီယယ်လစ်ရှ်တို့ဟာ တန်ဖိုးအမြင့်ဆုံးကွင်းလယ်ကစားသမားတွေအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။

တိုက်စစ်ပိုင်းမှာဆိုရင် ၂၀၁၇ ခုနှစ်အတွင်းက ပီအက်စ်ဂျီအသင်းဆီ ပြောင်းရွှေ့ခဲ့ကြတဲ့ တိုက်စစ်မှူး နေမာနဲ့ အမ်ဘတ်ပီတို့ပြီးရင် ၂၀၁၉ ခုနှစ်က ပေါင် ၁၁၃ သန်းနဲ့ ပြောင်းရွှေ့ခဲ့တဲ့ တိုက်စစ်မှူး ဂျာအိုဖီလစ်၊ ပေါင် ၁၀၇ သန်းနဲ့ ပြောင်းရွှေ့ခဲ့တဲ့ ဘာစီလိုနာတိုက်စစ်မှူး ဂရစ်ဇ်မန်းတို့ဟာ တိုက်စစ်ပိုင်းမှာ တန်ဖိုးအမြင့်ဆုံးကစားသမားတွေအဖြစ်ရပ်တည်နေတာဖြစ်ပါတယ်။

နိုင်ငံအလိုက် စံချိန်တင်ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမားတွေကတော့ ပေါ်တူဂီမှာ တိုက်စစ်မှူး စီရိုနယ်ဒို၊ စပိန်မှာ ဂိုးသမား အရီဇာဘာလာဂါ၊ ဘယ်လ်ဂျီယံမှာ တိုက်စစ်မှူး လူကာကူ၊ အီတလီမှာ တိုနာလီတို့ဖြစ်ပြီး ဖလော်ရီယန်ဝု့ါဇ်အနေနဲ့ လီဗာပူးအသင်းဆီ ပြောင်းရွှေ့ခဲ့ပါက ဂျာမနီရဲ့ စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့တဲ့ ကစားသမားဟာ ဖလော်ရီယန်ဝု့ါဇ် ဖြစ်လာမှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘရန်းဖို့ဒ်တိုက်စစ်မှူး အမ်ဘူမိုကို စာချုပ်ချုပ်ဆိုခေါ်ယူရန် စပါးအသင်း စိတ်ဝင်စားနေ

စပါးအသင်းဟာ ဘရန်းဖို့ဒ်အသင်းတိုက်စစ်မှူး အမ်ဘူမိုကို စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။




ကင်မရွန်းကြယ်ပွင့်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဘရန်းဖို့ဒ်အသင်းနဲ့အတူ သွင်းဂိုး ၂၀ အထိ သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ်တိုက်စစ်မှူး အမ်ဘူမိုရဲ့ ဘရန်းဖို့ဒ်အသင်းနည်းပြဟောင်းတစ်ဦးဖြစ်တဲ့ သောမက်ဖရန့်ကိုလည်း ဇွန် ၁၂ ရက်က စပါးအသင်းနည်းပြအဖြစ်ခန့်အပ်ခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘူမိုကို ယခုလအစောပိုင်းကတည်းက မန်ယူအသင်းဟာ ကနဦးပြောင်းရွှေ့ကြေး ပေါင် ၄၅ သန်းနဲ့ စွမ်းဆောင်ရည်ပေါ်မူတည်ပြီး ပေါင် ၁၀ သန်း စုစုပေါင်း ၅၅ သန်းပေးပြီး ခေါ်ယူဖို့ကမ်းလှမ်းထားတာဖြစ်ပါတယ်။

ဒါပေမဲ့ လက်ရှိအချိန်အထိ မန်ယူအသင်းနဲ့ တိုက်စစ်မှူး အမ်ဘူမိုတို့အကြား သဘောတူညီမှု တစ်စုံတစ်ရာမရရှိသေးတာဖြစ်ပါတယ်။ တိုက်စစ်မှူး အမ်ဘူမိုဟာ ၂၀၁၉ ခုနှစ်အတွင်းက ပြင်သစ်ကလပ် ထရွိုင်းယက်အသင်းကနေ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိအချိန်အထိ ဘရန်းဖို့ဒ်အသင်းနဲ့အတူ ၂၄၂ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၇၀ အထိ သွင်းယူပေးထားတာဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- လီဗာပူးအသင်းဟာ နာပိုလီအသင်းမှ နိုင်ဂျီးရီးယားတိုက်စစ်မှူး အိုဆင်ဟမ်းကို ခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- အာဆင်နယ်အသင်းဟာ ဘီဘာအိုအသင်းမှ စပိန်တောင်ပံကစားသမား နီကိုဝီလီယံအား အသင်းရဲ့ တောင်ပံနေရာအတွက် အားဖြည့်ရန် ပစ်မှတ်ထားလျက်ရှိပါတယ်။
- အဲဗာတန်အသင်းနှင့် နယူးကာဆယ်အသင်းတို့ဟာ ဂရီယယ်လစ်ရှ်ကို ခေါ်ယူနိုင်ရေး စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- ဂျာမနီတောင်ပံကစားသမား ဆာနေးဟာ ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။



## ဒက္ခိဏသီရိမြို့နယ်၌ သဘာဝဘေးအသိပညာပေး ဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ငလျင်ဘေး၊ ရေဘေးအသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်ချင်းတွင်းအထည်ချုပ်စက်ရုံတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးအောင်ရာဇာဖြိုးက ငလျင်ဘေး၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့လာရပါက ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်၊ မိမိကိုယ်ကို မထိခိုက်အောင် ကာကွယ်တတ်စေရန်၊ ဘေးအန္တရာယ်အမျိုးအစားအလိုက် ကာကွယ်ရမည့်နည်းလမ်းများနှင့် အန္တရာယ်ရှိအဆောက်အအုံမှ ဘေးလွတ်ရာနေရာသို့ စနစ်တကျရှောင်တိမ်းတတ်စေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ငလျင်ဘေးနှင့် ရေဘေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခန်းများ လက်တွေ့ပြုလုပ်ခြင်းများကို ဌာနဆိုင်ရာများ၊ ကြက်ခြေနီအသင်းများနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်သူရဦး (ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

စစ်ကိုင်း ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းကို စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ ငလျင်ကယ်ဆယ်ရေးစခန်း(စကုမှော်)တွင် နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းတွင် စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်အောင်နှင့် ဝန်ထမ်းများက ရွှေကြည်ဆနွင်းမကင်း၊ ငှက်ပျောကောက်ညှင်းထုပ်၊ သီးစုံကျောက်ကျော၊ သရက်ယို၊ နတ်သုဒ္ဒါစသည့် မုန့်မျိုးစုံ ပြုလုပ်နည်းများကို လက်တွေ့သင်ကြားပေးကြသည်။

အဆိုပါသင်တန်းတွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ ငလျင်ကယ်ဆယ်ရေးစခန်း(စကုမှော်)မှ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး ဇွန် ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**






## ပေါင်းတည်မြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပေါင်းတည် ဇွန် ၁၅

ဇူလိုင် ၃ ရက်၌ ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသက်သာစိုက်ပျိုးခြံအတွင်း ယနေ့နံနက်ပိုင်းက စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခိုင်မာလွင်က ဦးဆောင်၍ ကျွန်း၊ စိန်ပန်းဝါ၊ စိန်ပန်းနီ၊ ခရေ၊ ကံ့ကော်၊ ပိတောက်၊ မည်စည်သစ်ပင်မျိုးစိတ် ခုနစ်မျိုး၊ ပျိုးပင်ပေါင်း ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ရွှေသား( IPRD)**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်ကအာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျား ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန် ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

"မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ"

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော နေ့အချိန်တွင်ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်၍ရသောရောဂါဖြစ်ပါသည်။

မိုးရာသီတွင် ခြင်ကျားလောက်လမ်း အများဆုံးပေါက်ပွားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်ပွားနိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများတွင်ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားပါသည်။

ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံအဆင့်ဆင့်ဖြစ်သည့် ( ဥ → ပိုးလောက်လမ်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်မှာ (၈) ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်ပါသည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တွင် (၁)ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်စသဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခြင်ကျားလောက်လမ်း မရှိလျှင် ခြင်ကျားပေါက်ပွားမှုလည်း မရှိသည့်အတွက် ခြင်ကျားကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မည် မဟုတ်ပါ။




၂၀၂၅ခုနှစ်၊ မေလ


ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# မြစ်ကြီးနားမြို့၌ မူးယစ်ကင်းစင်သင်တန်းကျောင်းများ စုပေါင်းမိတ်သဟာယအဖွဲ့တို့ ပူးပေါင်းကျင်းပသော အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ



မြစ်ကြီးနား ဇွန် ၁၅

ပဉ္စမအကြိမ်အဖြစ် ကချင်ပြည်နယ် မူးယစ်ကင်းစင်သင်တန်းကျောင်းများ စုပေါင်းမိတ်သဟာယအဖွဲ့တို့ ပူးပေါင်းကျင်းပသော အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၁၄ ရက် ညနေ ၃နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်ဘောလုံးကွင်းအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ ဘောလုံးပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ မူးယစ်ကင်းစင်ကျောင်းများ မိတ်သဟာယအနေဖြင့် ရည်ရွယ်ချက်တူ၊ ပန်းတိုင်တူ သင်တန်းကျောင်းများအချင်းချင်း စည်းလုံးညီညွတ်မှုရရှိစေပြီး နိုင်ငံအတွက်၊ ပြည်နယ်အတွက်၊ မိမိပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းအတွက် တန်ဖိုးရှိသော လူငယ်လူရွယ်များအဖြစ် ပြန်လည်ရပ်တည်နိုင်စေရန်၊ မူးယစ်ကျေးကျွန်ဘဝမှ လွတ်မြောက်ပြီး ကျန်းမာသန်စွမ်းသော လူငယ်များဖြစ်လာစေရေး၊ အားကစားပြုလုပ်ခြင်းဖြင့် မူးယစ်ဆေးဝါးကို တွန်းလှန်တိုက်ဖျက်လာနိုင်စေရန် ကျင်းပခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ လူသားတိုင်းအတွက် အရေးကြီးလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုနိုင်သည့် အလေ့အကျင့်ကောင်းတစ်ခုဖြစ်သည့် ဘောလုံးကစားနည်းကို ကစားခြင်းဖြင့် စိတ်ဓာတ်ကြံ့ခိုင်မှု၊ သည်းခံနိုင်စွမ်းရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း အားပေးပြောကြားသည်။

ထို့နောက် မူးယစ်ကင်းစင်ကျောင်းများ စုပေါင်းမိတ်သဟာယအဖွဲ့၏ ဘောလုံးပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက နှစ်စဉ် စုပေါင်းမိတ်သဟာယအဖွဲ့ဝင်ကျောင်းများအချင်းချင်း စုဝေး၍ ဘောလုံးပွဲကျင်းပခဲ့မှု အခြေအနေများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ဘောလုံးပြိုင်ပွဲအတွက် ချီးမြှင့်ငွေကျပ် ၂၅ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင် ပရိသတ်များက အဖွင့်ပွဲစဉ်အဖြစ် Ram Hkye (ရန်းခေး)အသင်းနှင့် Asak Muk(အသက်မုန့်)အသင်း တို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

★ MNL ယူ-၂၁

ပွဲစဉ်(၆)အပြီးထိ ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ဒဂုံစတားယူနိုက်တက်အသင်းသည် နိုင်ပွဲများဆက်တိုက်ပျောက်ဆုံးပြီး အဆင့်ကျသွားခဲ့သလို ဇယားထိပ်ပိုင်းမှ အသင်းများနှင့်လည်း အမှတ်ပိုပြတ်သွားခဲ့သည်။ Falcon အသင်း(ခ) မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းမှာမူ ဒုတိယမြောက် သရေပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၈)အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၂၁ မှတ်ဖြင့် ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၀ ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းနှစ်သင်းနောက်တွင် အား/ကာသိပ္ပံအသင်းက ၁၉ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရာမညယူနိုက်တက်အသင်းက ၁၃ မှတ်၊ Junior Lions နှင့် သစ္စာအားမာန်အသင်းတို့က ၁၂ မှတ်စီ၊ ရတနာပုံအသင်းက ၁၀ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ကိုးမှတ်၊ Falcon အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းက ရှစ်မှတ်စီ၊ ဟံသာဝတီအသင်းက ခုနစ်မှတ်၊ Dagon Port နှင့် မဟာယူနိုက်တက်အသင်းတို့က တစ်မှတ်စီ ရရှိထားသည်။

သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - MNL

✤ MNL League မှ

ရခိုင်ယူနိုက်တက်အသင်းကလည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသည်။ မဖြစ်မနေ အနိုင်ရရန်လိုအပ်နေသည့် အား/ကာသိပ္ပံအသင်းသည် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့ပြီး ၃၉ မိနစ်တွင် ဝင်းပြည့်မောင်က ဦးဆောင်ဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်းက ဂိုးများပြန်ရရန် ကြိုးပမ်းလာပြီး ၄၈ မိနစ်တွင် အောင်လှိုင်ဝင်းနှင့် ၅၇ မိနစ်တွင် သန်းကျော်ဌေးတို့က နှစ်ဂိုးပြန်သွင်းခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးကို ၆၄ မိနစ်တွင် ခိုင်ရဲဝင်းက ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

အုပ်စု(C)ပွဲစဉ်များအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ရှစ်မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် ရခိုင်ယူနိုက်တက်အသင်းက အုပ်စုပထမ၊ ဟံသာဝတီယူနိုက်တက်အသင်းက အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။ ငါးမှတ်စီရရှိသည့် အား/ကာသိပ္ပံနှင့် Chinland အသင်း၊ အမှတ်မရသည့် Glory Goal အသင်းတို့မှာ အုပ်စုမှ ထွက်ခဲ့ရသည်။

**ယှဉ်ပြိုင်ကစားမည်**

ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဇွန် ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ Dagon Port အသင်းနှင့် ရတနာပုံအသင်း၊ ဇွန် ၁၉ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MNL

## FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၁၅

FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ရန်ကုန်ဇုန် ပွဲစဉ်(၁၁)၊ မန္တလေးဇုန်နှင့် တောင်ကြီးဇုန် ပွဲစဉ်(၈) ဒုတိယနေ့ကို ယနေ့တွင် မြို့သုံးမြို့၌ ဆက်လက်ကျင်းပသည်။

သုဝဏ္ဏ လေ့ကျင့်ရေးကွင်းများ၌ ကျင်းပသည့် ရန်ကုန်ဇုန် ပွဲစဉ်(၁၁) ဒုတိယနေ့တွင် Mar Rein အသင်းက The Honour အသင်းကို သုံးဂိုး-ဂိုးမရှိ၊ Southern Yangon Star အသင်းက Burmese Youth အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် တောင်ကြီးဇုန် ပွဲစဉ်(၈) ဒုတိယနေ့တွင် Paoh New Generation အသင်းက Paw Muu Region အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) လေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် မန္တလေးဇုန် ပွဲစဉ်(၈) ဒုတိယနေ့တွင် Sparrow အသင်းက ရွှေပေလိပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ရန်ကုန်ဇုန် ပွဲစဉ်(၁၁) အပြီးတွင် ရှိုင်းရယ်ရန်ကုန်အသင်းက ၃၁ မှတ်၊ Mar Rein အသင်းက ရမှတ် ၃၀၊ အာသာဝတီ



ရန်ကုန်ဇုန်တွင် Mar Rein အသင်းနှင့် The Honour အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

အသင်းက ၂၂ မှတ်၊ မန္တလေးဇုန် ပွဲစဉ်(၈) အပြီးတွင် STNM အသင်းက ၂၁ မှတ်၊ Sparrow အသင်းနှင့် Youth Soccer Future အသင်းတို့က ၁၃မှတ်စီ၊ တောင်ကြီးဇုန် ပွဲစဉ်(၈)အပြီးတွင် ရှမ်းတောင်အသင်းက ၁၉ မှတ်၊ ရှမ်းအရှေ့ (TCL အကယ်ဒမီ)အသင်းက ၁၅ မှတ်၊ Paoh New Generation အသင်းက ၁၄ မှတ်ဖြင့် ဇုန်သုံးခုတွင် ထိပ်ဆုံးသုံးသင်း နေရာများ၌ ရပ်တည်နေသည်။

သတင်း - ထွဏ်းသွေးအိမ်
ဓာတ်ပုံ - MFF

☆ ကျောဖုံးမှ

အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်လာခြင်းဖြစ်သည်။ ထိုင်းအသင်းမှာမူ အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ မလေးရှားအသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားအသင်းကို လေးဂိုးပြတ်အနိုင်ရကာ ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ တက်ရောက်လာခြင်းဖြစ်သည်။

ဇွန် ၁၅ ရက်က ပြုလုပ်သည့် ဆီမီးဖိုင်နယ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာ ယူ-၁၉ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းနည်းပြချုပ် ဒေါ်သက်သက်ဝင်းက “ဆီမီးဖိုင်နယ်ဖြစ်တဲ့အတွက် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားရမှာပါ။ ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းကို မြှင့်တင်ပေးထားသလို ပြိုင်ဘက်အသင်းရဲ့ အားနည်း၊ အားသာချက်တွေကိုလည်း လေ့လာထားပါတယ်။ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ ရလဒ်ကောင်းတစ်ခုရယူနိုင်ဖို့ ကြိုးစားမှာပါ”ဟု ပြောသည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF


## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၉)ရပ်ကွက်၊ မြေကွက်အမှတ်(၄၃၉)၊ မြေအကျယ်(၂၀x၆၀)ပေ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမောင်မောင်လတ် (ဘ)ဦးထိန်လင်း[၈/အလန(နိုင်)၁၄၈၉၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိဖြူမျိုး (ဘ) ဦးမျိုးအောင် [၆/မမန(နိုင်)၁၅၄၆၄၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လီလီနော်ရစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၆၇)**
**အမှတ်(၁၇၁)၊ နေကြာလမ်း၊ (၁၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

## ဒေါ်ပို(ခ)ဒေါ်ကြည်ကြည်ဝင်း (မြိတ်မြို့)
## အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်နေ(ဦးစွန်ခက်-ဒေါ်ဆား)တို့၏သမီး၊(ဦးဘာဝါ-ဒေါ်သန်းကြည်)တို့၏ သမီးချွေးမ၊[ဦးစိုးမြင့်(ရေခဲ)မြိတ်]၏ ချစ်လှစွာသောဇနီး၊ ဦးအောင်မင်းနိုင်-ဒေါ်စိုးကလျာ၊ ဦးကျော်ယု-ဒေါက်တာဇင်မင်းစိုး(ဒုတိယညွှန်ကြားရေးမှူး၊ သဘာဝဘေးနှင့်အရေးပေါ်)၊ ဦးအောင်ကျော်မိုး-ဒေါ်သိင်္ဂီစိုး၊ ဦးစိုးဝင်းထွန်း၊ ဦးနေဝင်းစိုးတို့၏ မွေးမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၅-၆-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၂၅ (အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ရက်လည်ဆွမ်းကျွေး တရားတော်နာယူခြင်းကို starcity သန်လျင်မြို့တွင် ၂၁-၆-၂၀၂၅ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ပြုလုပ်မည်ဖြစ်ပါ၍ကုသိုလ်ယူ တရားနာယူကြပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဆွေလှိုင်
### ရန်ကုန်မုန့်တိုက်၊ နီနီဓာတ်ခွဲခန်း
## အသက်(၁၀၁)နှစ်

မော်လမြိုင်မြို့နေ (ဦးဝှက်-ဒေါ်စိန်)တို့၏ သားလတ်၊ (ဦးလှသွင်-ဒေါ်တင်ညွန့်)တို့၏ညီ၊ (ဦးမော်လင်-ဒေါ်ကျင်အိန်း)တို့၏အစ်ကို၊ (ဒေါ်ကြင်မြင့်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်အေးအေးမော်-ဦးအောင်ကျော်လင်းတို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးဆွေလှိုင် သည် ၁၃-၆-၂၀၂၅ (သောကြာနေ့) ည ၁၁:၅၅ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၅-၆-၂၀၂၅(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ဖုကျန့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အမှတ်(၁၀၁)၊ ကင်းတာဝါ၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်းဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ဇနိန္ဒသာရ
### (သဒ္ဓမ္မဇောတိကဓဇ)
### စာရေးဆရာ – မုံရွာနေဇာ
## သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၂)ဝိုင်း အောင်စန္ဒာသိဒ္ဓိကျောင်းတိုက်၏ ပဓာနနာယကဆရာတော်သည် ၁၅-၆- ၂၀၂၅(တနင်္ဂနွေနေ့) နံနက် ၆:၂၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၇-၆- ၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အောင်စန္ဒာသိဒ္ဓိကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ဆရာတော် ဘဒ္ဒန္တ ဇနိန္ဒသာရ အားရည်စူးလျက် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရားတော် နာယူမည်ဖြစ်ပါ၍ ၂၁-၆-၂၀၂၅ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြမြသန်း
### (ကထိက၊ ဒဂုံတက္ကသိုလ်၊ သင်္ချာဌာန)(ငြိမ်း)
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အမှတ်-၁၁၇၄၊ သစ်တော(၃)လမ်း၊ အရှေ့ဒဂုံ (၁၃)ရပ်ကွက်နေ (ဦးမျိုးသန့်)၏ ချစ်လှစွာသောဇနီး၊ မောင်ဂုဏ်ရည်ကောင်းမြတ်(SMART VAPE SHOP)၊ မောင်ကောင်းမြသွင်ထူးတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးမိခင်ကြီး၊ (ဦးမြသိန်း-ဒေါ်သန်းလှ)တို့၏ သမီးကြီး၊ (ဦးသန်းမောင်-ဒေါ်လှကြည်)တို့၏ သမီးချွေးမ၊ ဦးလှိုင်ဒင်စိုး-ဒေါ်မြမြချို၊ ဦးညီညီစိုး-ဒေါ်စန္ဒာဇော်၊ ဦးမျိုးလွင်ဦး-ဒေါ်ခင်ငြိမ်းငြိမ်း၊ ဦးကိုကိုလေး-ဒေါ်ချိုမီမီအောင်တို့၏ အစ်မကြီး၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မြမြသန်းသည် ၁၄-၆-၂၀၂၅(စနေနေ့) ညနေ ၃:၂၂နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် Grand Hanthar အထူးကုဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၂၅ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ဟိန်း
### သားဖွားဆရာမ(ငြိမ်း)၊ ဇင်းကျိုက်မြို့နယ်
## အသက်(၇၅)နှစ်

မွန်ပြည်နယ်၊ ဇင်းကျိုက်မြို့နယ်နေ (ဦးပါသောင်း-ဒေါ်လှတင်)တို့၏ သမီး၊ ဦးမြင့်အောင်၏ဇနီး၊ ကိုကျော်မင်းစိုး-ဒေါက်တာကေဇင်ကျော်၊ ကိုသက်ပိုင်စိုး-မဝတ်ရည်ကျော်တို့၏မိခင်၊ မောင်ကောင်းခန့်ကိုကို၏ အဘွားဖြစ်သူ ဒေါ်ကြည်ဟိန်းသည် ၁၄-၆-၂၀၂၅(စနေနေ့)၊ ညနေ ၆:၅၈နာရီတွင် အာယုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၂၅ (တနင်္လာနေ့)တွင် ဇင်းကျိုက်မြို့နယ်ရှိ သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ဇင်းကျိုက်မြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကို ၂၀-၆- ၂၀၂၅ (သောကြာနေ့)တွင် ပြုလုပ်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၇၊ ( ၁၄ )ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်-၁၅၁/ခ၊ (၂၀'x၆၀')အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ဆောက်လုပ်ထားသော ( ၄ )ထပ်တိုက် အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကနေဇာ [၁၂/လမန(နိုင်)၁၆၅၈၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ခင်ထွေး ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့်တိုက်အရောင်းအဝယ်အားကန့်ကွက်လိုပါကပိုင်ဆိုင်မှုစာရွက်၊ စာတမ်းမူရင်းများ ယူဆောင်ကာကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အဆိုပါမြေနှင့်တိုက်အရောင်းအဝယ်အား ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်မျိုးထက်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၁၀)**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၃၂၉၀၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှူထမ်းရပ်ကွက်၊ ဓမ္မရောင်ခြည် ကျောင်းလမ်း၊ အကွက်အမှတ်နှင့်အမည် – ၂၇/ကျိုက်ဖောဓိတောင်ကွက်၊ ဦးပိုင်အမှတ်-၄/က၊ ၇/က N/130/B၊ အကျယ်အဝန်း(၀.၁၃၅)ဧကရှိ ဒေါ်အေးအေးမာ အမည်ပေါက် နှစ်(၉၀)ဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်အေးအေးမာ [၉/ပမန(နိုင်)၀၈၃၈၅၄] မှ မိမိတစ်ဦးတည်းအမည်ပေါက် ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက် စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဥမ္မာဖြိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**
**ဖုန်း-၀၉-၂၅၀၅၁၆၉၈၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀) မိုင်၊ ကန်ကြီးအောင်လမ်း၊ အမှတ်(၈၃၆/ဘီ) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၃၁'/၅၀'x၅၅') အကျယ်အဝန်းရှိသည့် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်လာခဲ့ပြီး တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန်းဝင်း [၁၂ / အစန(နိုင်)၀၆၀၂၅၆ ]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကေခိုင်ထွန်း [၁၂/ မရက(နိုင်) ၁၀၅၂၈၉ ]က ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေခိုင်ထွန်း[၁၂/မရက(နိုင်)၁၀၅၂၈၉]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန္တာဝင်း(LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၆၄)**
**ဖုန်း-၀၉-၂၆၁၆၁၆၁၁၉၊ ၀၉-၉၆၅၀၉၈၅၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွှေမြယာကျေးရွာအုပ်စု၊ ကွက်သစ်(၁)ရပ်ကွက်၊ ဧကရာဇ်လမ်းတွင် တည်ရှိသော အကျယ်အဝန်းအလျား (၂၀)ပေ x အနံ (၆၀)ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးအောင်နိုင်ဦး[၈/ခမန(နိုင်)၂၄၆၃၀၅]ကရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဇော်ခိုင်[၁၂/အစန(နိုင်)၂၃၇၈၉၂] ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**နော်ဖေါကမွီးဝါးဝါးစော (LL.B)**
**Advocate**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၀/၂၇-၁-၂၀၁၅)**
**အမှတ်-၉၊ မြိုင်သာယာလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-894694264**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမြင့်ဆန်း[၁၁/ကဖန(နိုင်)၀၆၆၂၂၃]နှင့် ဒေါ်အေးနန္ဒာလင်း[၁၁/ကဖန(နိုင်)၀၉၃၀၂၄]ကိုင်ဆောင်သူတို့၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည် –

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ၆/အရှေ့ရပ်ကွက်၊ ဝေဇယန္တာ(၁၁)လမ်းအရှေ့၊ မြေကွက်အမှတ်(၁၀၂၂/က)ဟု ခေါ်တွင်သော မြေဧရိယာ(အလျားပေ၂၀xအနံပေ၆၀)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်မြသိန်း(TKA-၀၂၄၆၇၀)ကိုင်ဆောင်သူမှ နှစ်(၆၀)ဂရန် အမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အပေါင်အနှံ၊ အရှုပ်အရှင်းလုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စကားကမ်းလှမ်းချက်အရ ကျွန်ုပ်မိတ်ဆွေက အဆိုပါ မြေကွက်နှင့်နေအိမ်အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းချသူ ဒေါ်မြသိန်းထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ် ယောက်မျှ မရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်များအရ-** |
| **ဦးမြင့်ဆန်း** | **ဦးအောင်နိုင်စိုး(LL.B)** |
| **[၁၁/ကဖန(နိုင်)၀၆၆၂၂၃]** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်အေးနန္ဒာလင်း** | **(စဉ်-၉၈၈၂) (၂၉-၄-၂၀၁၄)** |
| **[၁၁/ကဖန(နိုင်)၀၉၃၀၂၄]** | **အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊** |
| | **၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **Ph:09-457293344, 09-798193299,** |
| | **09-443193344** |

## တိုက်ခန်း(၇)ခန်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂) တောင်ရပ်ကွက်၊ ရန်ပြေ(၁) လမ်း၊ အမှတ်-၇၅၁တွင် နေ ဒေါ်ခင်ခင်အေး[၆/ထဝရ(နိုင်)၀၃၈၈၅၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေမှ တရားဝင် ဝယ်ယူပိုင်ဆိုင်၊ လက်ဝယ်ထားရှိသော တိုက်ခန်း (၇)ခန်းမှာ (၁)တိုက်အမှတ်၃၂၊ အခန်းအမှတ်-၁၀၃(၁-လွှာ)၊ C-(၁၂) လမ်း၊ (၉၃)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (၂)တိုက်အမှတ်-၁၊ အခန်းအမှတ်-၁၀၄၊ (၁-လွှာ)၊ A-(၁၂) လမ်း၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (၃)တိုက်အမှတ်-၄၊ အခန်းအမှတ်-၁၀၄၊ (၁-လွှာ)၊ A-ပိတောက်လမ်း၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (၄)တိုက်အမှတ်-၄၊ အခန်းအမှတ်-၃၀၁(၄-လွှာ)၊ A-ပိတောက်လမ်း၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (၅)တိုက်အမှတ်-၅၊ အခန်းအမှတ်- ၁၀၃၊ (၁-လွှာ)၊ A အင်ကြင်းလမ်း၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (၆)တိုက်အမှတ်-၅၊ အခန်းအမှတ်-၂၀၃၊ (၂-လွှာ)၊ A-အင်ကြင်းလမ်း၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (၇)တိုက်အမှတ်-၁၁၊ အခန်းအမှတ်-၁၀၃၊ (၁-လွှာ)၊ A-၁၂လမ်း၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးစသည့် တိုက်ခန်း(၇)ခန်း၏ ပိုင်ရှင်မှာ ကျွန်ုပ်၏ မိတ်ဆွေသာဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါတိုက်ခန်း(၇)ခန်းကို ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံ အဖြစ်တင်သွင်းထားခြင်းတို့ကို လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် အကယ်၍ အဆိုပါတိုက်ခန်းများကို ဝယ်ယူထားသူများရှိပါကလည်း ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းချထားခြင်းလုံးဝ မရှိသည့်အတွက် ၎င်းတိုက်ခန်းများနှင့်ပတ်သက်၍ ရှင်းလင်းပေးမည်မဟုတ်ကြောင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဥပဒေနှင့်အညီတရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုမာ**
**( LL.B,LL.M )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၀၇)၊**
**ဖုန်း-၀၉-၄၂၁၀၀၅၈၉၀**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၁)၊ (၄၀ပေx၆၀ပေ) ဧရိယာအကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေ စီမံခန့်ခွဲမှုဌာနတွင် ဒေါ်စန္ဒာဝင်း [၁၂/ဗတထ(နိုင်)၀၃၁၉၅၀]အမည်ဖြင့် နှစ်(၆၀)ဂရန် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို ဂရန်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညီညီထွန်း [၉/သစန(နိုင်)၁၁၇၁၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ (၁၄)နယ်မြေ၊ သဇင်လမ်းနှင့် ပဒုမ္မာလမ်းထောင့်၊ အမှတ်(၅၉)ရှိ မြေဧရိယာ(၁၂x၆၆)ပေအကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်သီတာ(ဘ)ဦးကိုကိုကြီး [၁၂/ဗဟန(နိုင်)၀၅၆၇၅၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မူဝင်း(ဘ)ဦးဘဆင် [၁၂/ ပဘတ(နိုင်)၀၀၉၃၂၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါ သည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ် စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်မူဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

**သက်ရှိကမ္ဘာ**
**ရှင်သန်ဖို့**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းစို့**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**





**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည်ဖြစ်...**

❖ **ယင်းအတွက် လိုအပ်သည့်အာဟာရမှာ စာပေလေ့လာဖတ်ရှုခြင်းပင်ဖြစ်ပြီး စာပေပညာရှင် စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသိမှီးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# MNL League Cup ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်း အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်တက်ရောက်



ရခိုင်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ရန်ကုန် ဇွန် ၁၅**

၂၀၂၅ MNL League Cup ပြိုင်ပွဲ အုပ်စု (C) နောက်ဆုံးပွဲအဖြစ် ရခိုင်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ဇွန် ၁၅ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းသည် ယခုပွဲတွင် သရေကစားနိုင်သဖြင့် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားချက်အသာဖြင့် အုပ်စုပထမရရှိကာ ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲ ဂိုးပြတ်အနိုင်ရမှသာ နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်သော်လည်း အကောင်းဆုံးကြိုးစားကစားခဲ့သည်။

အား/ကာသိပ္ပံ အသင်းသည် ဇင်ရဲနောင်၊ ခိုင်ရဲဝင်း၊ ဝင်းပြည့်မောင်၊ စောဆဲကပေါ်ဆေးတို့ဖြင့် လူစုံခဲ့သလို

**စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ✤**

**ယနေ့ ဖတ်စရာ**

**PDF အမည်ခံအကြမ်းဖက်သမားများက ညောင်ဦးမြို့နယ် ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့အား သတ်ဖြတ်**

**ပခုက္ကူမြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာမတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်**

စာမျက်နှာ - ၁၅

**စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ဘယ်ကစားသမားတွေ ပြောင်းရွှေ့ခဲ့ကြသလဲ**

စာမျက်နှာ - ၂၅



ဒဂုံစတားယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ယူ-၂၁ လူငယ်လိဂ်တွင် ဒဂုံစတားယူနိုက်တက်နှင့် Falcon အသင်း သရေကျ

**ရန်ကုန် ဇွန် ၁၅**

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၈) နောက်ဆုံးနေ့ကို ဇွန် ၁၅ ရက်က ပဒုမ္မာကွင်း၌ ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းနှင့် Falcon အသင်း ဂိုးမရှိ သရေကျခဲ့သည်။

**စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ★**

## အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ထိုင်း-မြန်မာ၊ ဗီယက်နမ်-အင်ဒိုနီးရှား ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇွန် ၁၅**

၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ထိုင်းအသင်းနှင့် မြန်မာအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် ဗီယက်နမ်အသင်းကို အဖွင့်ပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်သော်လည်း ဒုတိယပွဲတွင် လာအိုအသင်းကို ခြောက်ဂိုးပြတ်၊ နောက်ဆုံးပွဲတွင် တီမောအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရကာ

**စာမျက်နှာ ၂၇ ကော်လံ ၃ သို့ ☆**



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။